# မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ရွာရှည်အုပ်စု၊ ရွာသာကျေးရွာ ၏ အခြေခံသတင်းအချက်အလက်များ






Scanned by CamScanner

## မာတိကာ


၁။ ကျေးရွာတင်ဂုဏ်ပြုလွှာ

၂။ မာတိကာ ( မြို့နယ်အုပ်ချုပ်ရေးမှူးလက်မှတ် ပါသည့်စာရွက်)

၃။ မိတ်ဆက်---

- ဦးအောင်မင်းနိုင်လက်မှတ်
- ကျေးရွာအုပ်ချုပ်ရေးမှူးလက်မှတ်

၄။ မြေပုံများရေးဆွဲရခြင်းရည်ရွယ်ချက်။

၅။ ကျေးရွာအခြေခံသတင်းအချက်အလက် အနှစ်ချုပ်

၆။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ ။

၇။ ရာသီခွင်ပြဇယား ။

၈။ ပြဿနာသစ်ပင် နှင့် ဖြေရှင်းမှုစက်ကွင်း။

၉။ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းမြေပုံ။

၁၀။ အနာဂတ် မျှော်မှန်းချက် မြေပုံ ။

၁၁။ ထူခြားဖြစ်စဉ် မြေပုံ။

၁၂။ လူမှုကာကွယ်စောင့်ရှောက်မှုအခြေအနေပြ ဇယား။

၁၃။ လုပ်ငန်းအကောင်အထည်ဖေါ်ဇယား (Action Plan) ။

၁၄။ စားဝတ်နေရေးနှင့် ထိခိုက်လွယ်မှု အနေအထားအရ ကျေးရွာမှအဆင့်သတ်မှတ်ထားမှုဇယား။

၁၅။ အခြေခံ သတင်းအချက်အလက် ဇယား။


Scanned by CamScanner

# မိတ်ဆက်

ဤကျေးရွာလက်စွဲစာအုပ်သည် မိမိတို့ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အခြေအနေ အရပ်ရပ်တို့နှင့် ဘေးအန္တရာယ် အတွေ့အကြုံများ၊ ထိခိုက်ခဲ့ရမှုများကို လူထုကိုယ်တိုင် ကျေးရွာအတွင်း၊ ရပ်ကွက်အတွင်း စကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာခဲ့သော အကြောင်းအရာများကို မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ၎င်းအချက်အလက်များကို အခြေခံ၍ မိမိတို့ကျေးရွာ၊ ရပ်ကွက် တိုးတက် ဖွံ့ဖြိုးလာစေရန် လိုအပ်ချက်များကို သတ်မှတ်ဖော်ထုတ်ကာ မည်ကဲ့သို့ အောင်မြင်ဖြစ်ထွန်းစေရန် ကြံဆောင်လုပ်ကိုင်နိုင်ကြမည် ဟူသော လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရေး အစီအစဉ်ကို ရေးဆွဲကြခြင်းဖြစ်သောကြောင့် မိမိတို့ကျေးရွာ၏ ရည်မှန်းချက်ပန်းတိုင်ကို သတ်မှတ် ဖော်ထုတ်ထားသော အစီအစဉ်များဖြစ်သည်ဟု လည်း ဆိုနိုင်ပါသည်။

ဤကျေးရွာလက်စွဲစာအုပ်မှတ်တမ်း ပေါ်ထွက်လာစေရန်အတွက် အဓိကကူညီပံ့ပိုးကာ အချက်အလက်များကို ကျေးရွာအတွင်း စကားဝိုင်းနှင့် ဆွေးနွေးပွဲများ ပြုလုပ်ကာ မှတ်တမ်းပြုစု သူများမှာလည်း ဤကျေးရွာမှပင်ဖြစ်ကာ ယခုကဲ့သို့ မှတ်တမ်းပြုစုနိုင်ရန်အတွက်လည်း ActionAid (INGO) အဖွဲ့မှ သင်တန်းတက်ရောက်ခဲ့ပါသည်။

ထို့ကြောင့်ကျေးလက်စွဲစာအုပ်သည် ဘေးအန္တရာယ်များကို မည်ကဲ့သို့ကြိုတင်ကာကွယ် ရမည်၊ ထိခိုက်မှုကိုမည်ကဲ့သို့လျှော့နိုင်မည် အစရှိသည့်နည်းလမ်းများကို လုပ်ဆောင်လာနိုင်ရန် လမ်းညွှန်မှု များကိုလည်း ပြုလုပ်နေပါသောကြောင့် ဘေးအန္တရယ်ကြောင့် မိမိတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍတို့တွင် ထိခိုက်ဆုံးရှုံးရမှုများကို လျှော့နည်းသက်သာစေမည် လည်း ဖြစ်ပါသည်။

ဤကဲ့သို့ တစ်ရွာလုံး၏ အတွေ့အကြုံဗဟုသုတနှင့် သဘောထားဆန္ဒတို့ကို တနေရာတည်း၌ စုစည်းတင်ပြထားသောကြောင့် အလွယ်တကူ ဖတ်ရှု၍ သိရှိနိုင်ကာ ရေရှည်၌ မိမိတို့၏ တစ်ဦးချင်း၊ မိသားစုနှင့် တစ်ရွာလုံးအတိုင်းအတာအရ တိုးတက်ဖွံ့ဖြိုးရေးတွင် အနှောက်အယှက်အန္တရာယ်တို့ လျှော့နည်းကာ တရွာလုံးမှသည် ဒေသတစ်ခုလုံး တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ရည်သန်ကာ မှတ်တမ်းပြုစု တင်ပြအပ်ပါသည်။

(ဤကျေးရွာလက်စွဲစာအုပ်အား ဖတ်ရှု၍ နိုင်ငံတော်မှ လည်းကောင်း၊ INGO/NGO အဖွဲ့အစည်း အသီးသီးမှ လည်းကောင်း၊ မိမိရပ်ရွာမှ လည်းကောင်း ရပ်ရွာ-ဒေသဖွံ့ဖြိုးရေးအတွက်သိရှိ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုပါသည်။)

လေးစားစွာဖြင့်

အောင်မင်းနိုင်

အပူပိုင်းဇုံဒေသစီမံကိန်းမန်နေဂျာ

အက်ရှင်အေ့ဒ်မြန်မာ

၀၉၇၉၄၄၀၂၆၉၇၊ ၀၆၂ ၆၀၄၁၂

Scanned by CamScanner

# ကျေးရွာအုပ်ချုပ်ရေးမှူး၏ အတည်ပြုထောက်ခံချက်မှတ်တမ်း

ဤမှတ်တမ်းပါအကြောင်းအရာအချက်အလက်များသည် ကျွန်ုပ်တို့ကျေးရွာသူ/သားများကိုယ်တိုင် ဖော်ထုတ်သုံးသပ်ထားသော ပြဿနာများ၊ ကျေးရွာ၏လိုအပ်ချက်များနှင့် ဖြေရှင်းနည်းလမ်းများဖြစ်ပါသည်။

ယခုကဲ့သို့ဖော်ထုတ်လုပ်ဆောင်ခြင်းကြောင့်အကျိုးရလဒ်အနေဖြင့်ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ဆောင်ရန်လိုအပ်နေမှုများကိုသေသေချာချာနားလည်သဘော ပေါက်လာခဲ့ရပြီး တိကျရှင်းလင်းသောအဖြေနှင့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် ချမှတ်နိုင်ခဲ့ကြပါသည်။ မှတ်တမ်းစာအုပ်ပါအချက်အလက်များသည် ယခင်နှင့်ယခုနှိုင်းယှဉ် ပြ၍ သင်ခန်းစာယူစရာများ၊ ကြိုတင်သတိမူစရာများနှင့် ပိုမိုကောင်းမွန်သောနည်းလမ်း များကိုဖေါ်ထုတ်နိုင်ခဲ့ကြပြီး ကျေးရွာသူကျေးရွာသားများကိုယ်တိုင် တတ်သိပညာရှင်များ နှင့်လည်းကောင်း၊ မိမိတို့ဒေသတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအာဏာပိုင်အဖွဲ့ အစည်းများနှင့်လည်းကောင်း ပိုမို၍အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် လမ်းညွှန်ပြသနေသည်လည်းဖြစ်ပါသည်။

အထူးမှာ.. ယခုကဲ့သို့ကျေးရွာသူကျေးရွာသားများ စုစည်းညီညာစွာဝိုင်းပင်နှီးနှော၍ ဆွေးနွေးဆုံးဖြတ်ကြပါသောကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို အမှားအယွင်းနည်းစွာဖြင့် ရေတိုရေရှည်မှာပါ ပို၍ထိရောက်အောင်မြင်မှာ မလွဲပါ။

ထို့ပြင်မှတ်တမ်းတင်ဂုဏ်ပြုထိုက်သူမှာ ဤမှတ်တမ်းကိုတိကျသေချာအကျိုးရှိအောင် ကြိုးစားဖော်ထုတ် လုပ်ကိုင်ပေးကြသော ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအကျိုးဆောင်လူငယ် ခိုင်ဇင်ဝင်း၊ မခင်နှင်းဝေ၊ မဖြိုးဖြိုးမြတ်နှင့် ကျေးရွာသူကျေးရွာသားများ အက်ရှင်အေ့ဒ်(မြန်မာ)မှ ကွင်းဆင်း ဝန်ထမ်းများ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှတက်သည့် ပညာရှင်များပင်ဖြစ်ပါတော့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူး
လမ်းရွာကျေးရွာ၊ လမ်းရွာအုပ်စု
ပခုက္ကူမြို့နယ်

Scanned by CamScanner

# မြေပုံများရေးဆွဲရခြင်း၏ရည်ရွယ်ချက်

## လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် လူဦးရေ၊ အိမ်ခြေ၊ မိသားစုများ၏ ထိခိုက်လွယ်သူများနေထိုင်ရာနေရာနှင့်တကွ မှတ်တမ်းတင်နိုင်ရန်။ (သက်ကြီးဦးဆောင်သောအိမ်၊ အမျိုးသမီးဦးဆောင်နေသောနေအိမ်၊ မသန်စွမ်းရှိသောအိမ် စသည်ဖြင့်)
- ကျေးရွာ၏လမ်းတံတား၊ အဆောက်အဦး၊ သောက်သုံးရေရရှိနိုင်မှုအနေအထားများ။
- ကျေးရွာ၏စိုက်ပျိုးမြေနှင့် မြေယာပိုင်ဆိုင်မှု၊ သစ်တောနှင့်သဘာဝအရင်းအမြစ်များရရှိမှုနှင့် အသုံးပြုနိုင်မှု။
- ကျေးရွာ၏တည်နေရာနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများဆက်စပ်လုပ်ကိုင်နေမှုများ၊ လူမှု/စီးပွားအခြေအနေ။
- ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော နေရာများအားသတ်မှတ်ဖော်ထုတ်နိုင်ရန်နှင့် ကြိုတင်ကာကွယ်ခြင်းနှင့် ပြင်ဆင်ခြင်းများပြုလုပ်နိုင်ရန်။

## ရာသီခွင်ပြဇယားရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာနှင့် ပိုးမွှားရောဂါများကျရောက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေမှုကိုသိရှိနိုင်ရန်။
- ကျေးရွာ၏ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်တတ်သောလများ (မိုးကြီး၊ မိုးခေါင်၊ ရေရှား၊ မီးဘေး၊ စသည့်ဖြင့်) သိရှိနိုင်ကြရန်နှင့် ကြိုတင်ပြင်ဆင်၊ ကာကွယ်နိုင်ကြရန်။
- လူမှုရေးနှင့်ဘာသာရေးပွဲတော်များ ကျင်းပနိုင်မှုအခြေအနေကို မှတ်တမ်းတင်၍ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ထိန်းသိမ်းနိုင်ရေး။
- လအလိုက် ဝင်ငွေထွက်ငွေကို လုပ်ငန်းအမျိုးအစားအလိုက် တွက်ချက်သိရှိပြီး ထွက်ငွေနှင့်ဝင်ငွေမမျှတမှုကို နည်းလမ်းရှာ၍ ဖြေရှင်းနိုင်ရန်။

Scanned by CamScanner

## ကျေးရွာ၏ပြဿနာသစ်ပင်ရေးဆွဲရခြင်းရည်ရွယ်ချက်

- ကျေးရွာ၏အခက်အခဲပြဿနာများဖြစ်ရခြင်းအကြောင်းအရင်းများကို သတ်မှတ်ဖော်ထုတ်ပြီး အကိုင်းအခက်များသဖွယ် ဖြာထွက်လာသောအကျိုးဆက်များနှင့်အသီးအပွင့်များသဖွယ်ဖြစ်တည်လာသော နောင်ဆက်လက်ဖြစ်ပွားမည့် မျိုးစေ့နှင့် လက်ရှိပြဿနာအသီးအပွင့်များကို သိရှိနားလည်လာပြီး ၄င်းပြဿနာသစ်ပင်ပေါက်ပွားမှုအားမျိုးသုန်းပျောက် ကွယ်သွားအောင် အမြစ်၊ အပင်၊ အကိုင်း၊ အသီးအပွင့်နှင့်မျိုးစေ့များကိုဖယ်ရှား သုတ်သင်နိုင်လာနိုင်စေရန်။
- ဤနည်းသည် မြန်မာစကားပုံပါ"ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်" ဟူသောအကြောင်းအကျိုးပြရှင်းလင်းအဖြေရှာခြင်းနှင့် ဆင်တူပါသည်။
- "သတိမမူ ဂူမမြင်" ဟူသော အဆုံးအမအတိုင်း သတိမမူမိခဲ့သော ပြဿနာအခက်အခဲများသည် သစ်ပင်သဖွယ်ရှင်သန်ကြီးထွားနေမှုအား ရပ်တန့်ရန် (သို့) သတိမူမိခဲ့သော်လည်း မဖြေရှင်းနိုင်လောက်အောင်၊ ပြဿနာကြီးမားနေမှုကို ရှင်းလင်းစွာသိရှိကြပြီးတတ်သိပညာရှင်များနှင့် ပူးပေါင်းကာနည်းလမ်းရှာသုတ်သင်နိုင်လာစေရန်။
- ပြဿနာအခက်အခဲများသည် အရေအတွက်နှင့် ပမာဏအားဖြင့် များပြားကြီးမားသောကြောင့် တစ်ခုနှင့်တစ်ခုဆက်နွယ်ကာ ပိုမိုရှုပ်ထွေးသော ပြဿနာသစ်ပင်များစုစည်းပေါ်ပေါက်နေမှုသည် ဆင်းရဲမှုကို ပိုမိုဖြစ်ပေါ်နေစေကြောင်း သိသာထင်ရှားလာစေရန်။
- "သို့သော် အနာသိက ဆေးရှိသည်" ဟူသော လောကဓမ္မတာအတိုင်း အနာကိုအတိအကျသိရှိလာနိုင်စေရန်နှင့် ပျောက်ကင်းအောင်ကုသရန် ဆေးညွှန်းကို တိကျစွာဖော်စပ်လာနိုင်စေရန်။

## ပြဿနာဖြေရှင်းမှုစက်ကွင်းရေးဆွဲဖော်ထုတ်ရခြင်း၏ ရည်ရွယ်ချက်

- ပြဿနာသစ်ပင်များကို ရေးဆွဲဖော်ထုတ်သတ်မှတ်ပြီးနောက် တစ်ဆက်တည်းဖြေရှင်းအဖြေရှာမှုကိုပါ ဆက်တိုက်လုပ်ဆောင်ခြင်းအားဖြင့် ကျေးရွာသူ/သားများ၏ အတွေးအမြင်၌ မဖြစ်နိုင်ဟူသော သံသယသည် ကင်းစင်ပပျောက်စေပြီး ပိုမိုစိတ်အားထက်သန်ကာ "လိုလျှင်ကြံဆနည်းလမ်းရ" ဟူသောဆောင်ပုဒ်အတိုင်း အများနှင့်အတူ ဆွေးနွေးတိုင်ပင်ကာ နည်းလမ်းများကို ကြံဆနိုင်စေရန်။

Scanned by CamScanner

ထူးခြားဖြစ်စဉ်ပြဇယားရည်ရွယ်ချက်

- ထူးခြားစွာဖြင့် မိမိရပ်ရွာသူ/သားများကို အခက်အခဲအကြပ်အတည်းတွေ့စေခဲ့သော နှစ်များကို သက်ကြီးစကားသက်ငယ်ကြားဖြင့် ဖော်ထုတ်မှတ်တမ်းတင်ခြင်းဖြင့် မျိုးဆက်နှစ်ဆက်သုံးဆက်အလွန်ကာလနှင့် ယခုကာလအထိ အခက်အခဲအကြပ်အတည်းများကို သိရှိလာစေပြီး နောင်အခါတွင် ၎င်းအခက်အခဲမျိုးဖြစ်ပေါ်နိုင်ခြေကို သတိရှိသွား ပြီး ကြိုတင်ပြင်ဆင် ကာကွယ်မှုလုပ်ဆောင်နိုင်စေရန်။
- အထူးအားဖြင့် လူအများစုအား အတိဒုက္ခရောက်စေခဲ့သော ကြီးမားသည့် သဘာဝဘေးအန္တရာယ်ထိခိုက်ခဲ့ရမှုများနှင့် လူတို့ကဖန်တီးခဲ့သော ဘေးအန္တရာယ်များကြောင့် ရပ်ရွာသူ/သားများ အခက်အခဲအကြပ်အတည်းဖြစ်ပေါ်ခဲ့ရမှုများကို သင်ခန်းစာရယူနိုင်ရန် နှင့်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်အသိများရရှိစေရန်။
- အပြောင်းအလဲဖြစ်ပေါ်တိုးတက်မှုသည် "အကောင်း" "အဆိုး" ခွန်တွဲနေနိုင်သည်ကို သင်ခန်းစာရရှိစေရန်။
- အပူပိုင်းဒေသသည် မိုးခေါင်ခြင်း သီးနှံများပျက်စီးဆုံးရှုံးရမှု၊ သောက်ရေနှင့် စိုက်ပျိုးရေ အခက်အခဲဖြစ်ရခြင်းနှင့် စားနပ်ရိက္ခာအခက်အခဲဖြစ်ရခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသောအချက်သည် သာမန်ဖြစ်ရိုးဖြစ်စဉ်ဟု အမြင်ရှိနေသော မျိုးဆက်သစ် အသက်အရွယ်ငယ်ရွယ်သူများက ထင်မှတ်နေမှုကို ယခင်ကလည်းကြုံဖူးသည်ဟူသော ထင်ရှားသောသတိပေးမှုကြောင့်ကြိုတင်ပြင်ဆင် ကာကွယ်ခြင်းနည်းလမ်းများကိုရှာဖွေ၍ ရပ်ရွာ၏မိုးခေါင်မှု၊ ရေကြီးမှု၊ သီးနှံဖျက်ပိုးဒဏ်၊ မြေဆီလွှာပျက်စီးမှု၊ လမ်းပန်းဆက် သွယ်ရေးမကောင်းရမှု၊ ပညာရေးနှောင့်နှေးရမှု၊ သတင်းဆက်သွယ်ရေးအခက်အခဲ စသည့်တို့သည် ဆင့်ကဲဖြစ်စဉ်များအဖြစ် ရပ်ရွာလူထုအား ပိုမိုဆင်းရဲမှု အခက်အခဲကို ဖြစ်ပေါ် စေနေသည့်ကို ထင်ရှားသိစေရန်။

Scanned by CamScanner

- ၄င်းနည်းလမ်းများသည် တစ်ယောက်အားဖြင့်ယူသော်မရ အများအားဖြင့်ယူသော်ရ၏ ဟူသောလမ်းညွှန်ဆုံးမမှုအတိုင်း မိမိမသိသည်ကိုသိသူက၊ မိမိမစွမ်းနိုင်သည်ကို စွမ်းနိုင်သူက၊ မိမိမလုပ်နိုင်သည်ကို လုပ်နိုင်သူကတာဝန်ယူကာဖြေရှင်းမည့်နည်းလမ်းများ ပေါ်ထွက်လာစေရန်။
- ယခုကဲ့သို့ အခက်အခဲပြဿနာများသည် ရပ်ရွာအတွက် ဆင်းရဲမှုဟူသောဝန်ထုတ်ဝန်ပိုးသည် ဆွဲအားအောက်သို့သက်ရောက်မှုကို ဖြစ်ပေါ်စေရာမှနည်းလမ်းများ တည်းဟူသော မိုးပျံပူပေါင်းများက ဆွဲ မလိုက်၍ အောက်ဆွဲအားကို ဆန့်ကျင်ဖယ်ရှား လျှက် အထက်သို့ပေါ့ပါးစွာရုန်းထွက် ပျံတက်သွားနိုင်ပုံကို ဥပမာတင်စား၍ ရှင်းလင်း အဖြေရှာတင်ပြခြင်းဖြင့်နားလည်စေခြင်း။
- "ဆင်းရဲမှု" နှင့် "ဆင်းရဲမှုမှလွတ်မြောက်မှု" အားပြိုင်ဆွဲငင်ကြသောကြောင့် အားသက်ရောက်မှု စက်ကွင်းဟုခေါ်ဝေါ်သုံးနှုန်း၍ အားထုတ်ရမည်ဟူသော အသိကို ရရှိစေခြင်း။

အနာဂတ်မျှော်မှန်းချက်ပြမြေပုံရေးဆွဲရခြင်းရည်ရွယ်ချက်

- အိပ်မက်မြေပုံသည် ကျေးရွာနှင့်ရွာသူရွာသားတို့ လူမှုစီးပွားအခြေအနေအရပ်ရပ်များကို မည်ကဲ့သို့မြင်တွေ့လိုပါကြောင်း ရွာသူရွာသားတို့၏ဆန္ဒနှင့် သဘောထားတို့ကို ထင်ဟပ်သော အနာဂတ်မျှော်မှန်းချက်များ၏ ပုံသဏ္ဍာန်ဖြစ်ပြီး တိုးတက်ဖွံ့ဖြိုးမှုနှင့် အေးချမ်းသာယာမှုကို ရွာသူရွာသားများကိုယ်တိုင် ပုံဖော်ကြည့်မည့်အစီအစဉ်များအား အဓိကထား၍ မျှော်မှန်းကာအနာဂတ်ကို အလှပဆုံးနှင့် အဓိပ္ပါယ်အရှိဆုံးဖြစ်လာရန် ပဏာမခြေလှမ်းပင်ဖြစ်ပါတော့သည်။

### ကျေးရွာ၏ လိုအပ်ချက်အကောင်အထည်ဖေါ်ဖယားရေးဆွဲရခြင်းရည်ရွယ်ချက်

- လက်တွေ့အကောင်အထည်ဖော်မည့်အစီအစဉ်သည် ကျေးရွာ၏ လိုအပ်ချက်များ ဦးစားပေးလုပ်ဆောင်ရန်အစီအစဉ်နှင့် အနာဂတ်ကျေးရွာအိပ်မက်များကို အမှန်တကယ်ရရှိလာနိုင်ရန်အတွက် တိကျသေချာသောတာဝန်ခွဲဝေယူမှုနှင့် မည်သို့လုပ်ဆောင်မည်၊ မည်သူကလုပ်ဆောင်မည်နှင့် မည်သည့်အချိန်တွင် လုပ်ဆောင်ကြမည်များကိုကျေးရွာသူ၊ သားများကို ကိုယ်တိုင်တာဝန်ခွဲဝေသတ်မှတ်ကြခြင်းဖြစ်ပါသည်။

### အမျိုးသမီးဆိုင်ရာသုံးသပ်ချက် ရေးဆွဲရခြင်းရည်ရွယ်ချက်

- အမျိုးသမီးသက်ငယ်/သက်ကြီး(ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအခြေအနေတို့ကို မှတ်တမ်းပြုစုနိုင်ပြီးအခက်အခဲများအားကျော်လွှားလာနိုင်ကာ မိသားစုနှင့် ရပ်ရွာကိုဦးဆောင်နိုင်မှု အခွင့်အလမ်းနှင့် စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်။
- “ ပုခက်လွှဲသောလက်သည် ကမ္ဘာကို ကိုင်လှုပ်နိုင်သော ခွန်အားနှင့် စွမ်းရည်အပြည့်အဝရှိသည် ”ဆိုသည့် ဆိုရိုးစကားအား ပိုမိုကျယ်ပြန့်စွာအသိအမှတ်ပြုလာနိုင်စေရန်။
- ကျား၊ မ တန်းတူညီမျှမှုရှိရေး ရပ်ရွာမှသိမြင်လက်ခံလာပြီး ခွဲခြားဆက်ဆံမှုပပျောက်နိုင်ရန်၊ ညီမ၊ အစ်မ၊ အမေ၊ အဖွား၊ အဒေါ်တို့သည် ညီ၊ အစ်ကို၊ အဖေ၊ အဖိုး၊ ဦးရီးတို့နှင့်အတူတူပင် စွမ်းဆောင်ရည်များ ပြည့်ဝကြောင်း ထင်ရှားသိလာကြစေရန်။

Scanned by CamScanner

ကျေးရွာအခြေခံ သတင်းအချက်အလက် အနှစ်ချုပ်

- ကျေးရွာအမည် - ရွာသာကျေးရွာ
- ကျေးရွာအုပ်စု - ရွာရှည်ကျေးရွာ
- မြို့နယ် - မြိုင်မြို့နယ်
- တိုင်းဒေသကြီး - မကွေးတိုင်းဒေသကြီး
- အိမ်ခြေစုစုပေါင်း - ၅၃ အိမ်
- အိမ်ထောင်စု စုစုပေါင်း - ၅၆ စု

အသက်အပိုင်းအခြား အလိုက်ဦးရေ

| လူဦးရေ | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| လူဦးရေစုစုပေါင်း | ၁၃၅ | ၁၁၅ | ၂၅၀ |
| ၀ မှ ၅နှစ်အောက် | ၁၀ | ၇ | ၁၇ |
| ၅ နှစ်မှ ၁၃နှစ်အောက် | ၁၉ | ၁၁ | ၃၀ |
| ၁၃ နှစ်မှ ၁၈နှစ်အောက် | ၂၁ | ၃၄ | ၅၅ |
| ၁၈ နှစ်မှ ၃၅နှစ်အောက် | ၁၀ | ၁၀ | ၂၀ |
| ၃၅ နှစ်မှ ၆၀နှစ်အောက် | ၁၃ | ၇ | ၂၀ |
| ၆၀ နှစ်နှင့် အထက် | | | |

| မိသားစု အမျိုးအစား | တောင်သူ | ကျပန်း | ထန်း | ပေါင်း |
|---|---|---|---|---|
| သက်ကြီးဦးဆောင်သောမိသားစု | ၁၅ | ၅ | - | ၂၀ |
| အမျိုးသမီးဦးဆောင်မိသားစု | ၆ | ၇ | - | ၁၃ |
| မသန်စွမ်းမိသားစု | - | - | - | - |

အဓိကအသက်မွေးဝမ်းကြောင်းနှင့် ပတ်သက်သော ပိုင်ဆိုင်မှုများ

- ✓ ဆိုင်ကယ် ၂၅
- ✓ ဖုန်း ၄၅
- ✓ နွားလှည်း ၂၀
- ✓ နွားလှည်း(ရေစည်) ၂၀
- ✓ တီဗွီ/ဗီဒီယို ၃၀
- ✓ စက်ဘီး ၁၅
- ✓ ဂြိုလ်တု စလောင်း ၁၀
- ✓ နွားစာစဉ်းစက် ၅
- ✓ ဆီကြိတ်စက် -
- ✓ အပ်ချုပ်စက် ၂

Scanned by CamScanner

- ✓ ချွေလှေ့စက် -
- ✓ ရိတ်သိမ်းစက် -
- ✓ လယ်ထွန်စက် ၁
- ✓ လက်တွန်းထွန်စက် -
- ✓ သုံးဘီး ၁
- ✓ ထော်လာဂျီ -
- ✓ ကား ၁
- ✓ ရေနံတူးစက် -

မွေးမြူရေးဆိုင်ရာ ပိုင်ဆိုင်မှုများ

- ✓ နွား(ခိုင်း) ၆၈
- ✓ နွား(မွေး) ၈
- ✓ ဝက် ၉
- ✓ ကြက်ခြံ -
- ✓ ဆိတ် -

ရွှေ့ပြောင်းလုပ်သားဦးရေ

- ✓ ပြည်တွင်း ၃၅
- ✓ ပြည်ပ ၃၀

စိုက်ပျိုးမြေပိုင်ဆိုင်မှု(ဧက)

- ✓ လယ်မြေ ၉၈
- ✓ ယာမြေ ၂၁၅
- ✓ ဥယျာဉ်မြေ ၅
- ✓ ပလပ်မြေ/ကျစ်မြေ -
- ✓ သနပ်ခါးစိုက်ပျိုးမြေ ၁
- ✓ စားကျက်မြေ -
- ✓ သစ်တောမြေ -

သောက်သုံးရေရရှိမှု

- ✓ အဝီစိရေတွင်း ၁၆

Scanned by CamScanner

✓ ရေရောင်ကန် -
✓ ရေကျယ် ရေတွင်း ၆
✓ မြေသားရေကန် -
✓ မြစ် -
✓ ချောင်း ၂
✓ ဆည် -
✓ လက်နှိပ်တုံကင် -
✓ ရေပိုက်လိုင်းသွယ် -

အလုပ်အကိုင် ပိုင်ဆိုင်မှုနှင့် ထိခိုက်လွယ်အုပ် အမျိုးအစားအရမှတ်တမ်း

| စဉ် | အသက်မွေးဝမ်းကျောင်းလုပ်ငန်းအမည် | ဦးရေ |
|---|---|---|
| ၁ | နေ့စားလုပ်သား | ၁၅၅ |
| ၂ | ထန်းတောပိုင်သူ | |
| | • ထန်းပင်(၂၀)အောက်ပိုင်သူ | - |
| | • ထန်းပင်(၂၀ မှ ၅၀ကြား)ပိုင်သူ | - |
| | • ထန်းပင် (၅၀ မှ ၁၀၀ ကြား)ပိုင်သူ | - |
| | • ထန်းပင် (၁၀၀) အထက်ပိုင်သူ | - |
| ၃ | ထန်းလုပ်သား | |
| ၄ | ဈေးရောင်း | |
| | • အကြော်/ပဲပြုတ် | ၁ |
| | • ဟင်းသီးဟင်းရွက် | ၅ |
| | • ကုန်စုံဆိုင်(အကြီး) | - |
| | • ကုန်စုံဆိုင် (အငယ်) | ၂ |
| ၅ | လယ်ယာပိုင်သူ | |
| | • လယ်/ယာ(၁)ကေအောက်ပိုင်သူ | ၅ |
| | • လယ်/ယာ(၂)ကေအောက်ပိုင်သူ | ၃ |
| | • လယ်/ယာ(၃)ကေအောက်ပိုင်သူ | ၆ |
| | • လယ်/ယာ(၄)ကေအောက်ပိုင်သူ | ၇ |
| | • လယ်/ယာ(၅)ကေအောက်ပိုင်သူ | - |
| | • လယ်/ယာ(၅ မှ ၉)ကေကြားပိုင်သူ | ၂ |
| | • လယ်/ယာ(၁၀)ကေနှင့် အထက်ပိုင်သူ | ၁၀ |

Scanned by CamScanner

## ပညာရေးအခြေအနေ

### ကျောင်းအမျိုးအစား/ဝန်ထမ်း

| | |
|---|---|
| ✓ ကျောင်းဆရာ/ဆရာမဦးရေ | ၄ |
| ✓ မူကြို | - |
| ✓ မူလတန်း | ၆ |
| ✓ မူလွန် | ၁၀ |
| ✓ အလယ်တန်း | ၅ |
| ✓ အထက်တန်း | ၁ |

### ပညာတတ်မြောက်မှု

| | |
|---|---|
| ✓ ဘွဲ့ရ | ၃ |
| ✓ အထက်တန်းအောင် | ၆ |
| ✓ အထက်တန်း | ၃ |
| ✓ အလယ်တန်း | ၅ |
| ✓ မူလတန်း | ၄ |
| ✓ ဘ/က | - |
| ✓ ပညာမတတ် | ၅၀ |
| ✓ အသုံးလုံး | ၁၅ |

### ကျန်းမာရေး

| | |
|---|---|
| ✓ ဆေးခန်း | - |
| ✓ အရံသားဖွား | - |
| ✓ ဆေးဆရာ | - |
| ✓ သူနာပြု | - |
| ✓ တိုင်းရင်းဆေး | - |
| ✓ အရပ်လက်သည် | - |

### ကျန်းမာရေးဆိုင်ရာအခြေအနေ

| | |
|---|---|
| ✓ အိမ်သာအသုံးပြုသောမိသားစု | ၃၃ |
| ✓ အဖြစ်များသောရောဂါများ | သွေးလွန်တုပ်ကွေး၊ ဆင်တုပ်ကွေး |

Scanned by CamScanner

မသန်စွမ်း

| | | |
|---|---|---|
| ✓ | ခြေတစ်ဖက် | - |
| ✓ | ခြေနှစ်ဖက် | ၁ |
| ✓ | လက်တစ်ဖက် | - |
| ✓ | လက်နှစ်ဖက် | - |
| ✓ | ဆွံ့အ | ၁ |
| ✓ | နားမကြား | ၃ |
| ✓ | မျက်မမြင် | ၁ |
| ✓ | ကျပ်မပြည့် | - |

အလုပ်အကိုင်ဆိုင်ရာများ

| | | |
|---|---|---|
| ✓ | တောင်သူ | ၃၀ |
| ✓ | ထန်းတက်သူ | - |
| ✓ | စက်ပြင်သူ | ၁ |
| ✓ | ပန်းရံလက်သမား | ၁ |
| ✓ | လက်မှုပညာလုပ်ကိုင်သူ | - |
| ✓ | ထန်းသားဖျဉ်းသူ | - |
| ✓ | ကျောက်ထုသူ | - |
| ✓ | မုန့်လုပ်သူ | - |
| ✓ | အကြော်ကြော်ရောင်းသူ | ၁ |
| ✓ | ယက်ကန်းယက်သူ | - |
| ✓ | ပန်းပဲဆရာ | - |
| ✓ | ရေနံဖော်သူ | - |
| ✓ | ဆိုင်းဆရာ | ၁ |
| ✓ | အဆိုတော် | ၃ |
| ✓ | ကျပန်း | ၁၅ |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ရွာရှည်အုပ်စု ၊ ရွာသာကလေးရွာ၏ လူမှုစီးပွားနှင့် ဆက်နွယ်သော မြေပုံ

ရက်စွဲ 7.12.2019



## မကွေးတိုင်းဒေသကြီး ၊ မြိုင်မြို့နယ် ၊ ရွာရှည်အုပ်စု ၊ ရွာသာကျေးရွာ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက် အစီရင်ခံစာ

### တည်နေရာ

ရွာသာကျေးရွာသည် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာရှည်အုပ်စုတွင် တည်ရှိပါသည်။ မြိုင်မြို့နယ်အနောက်မြောက်ပိုင်းတွင် တည်ရှိပြီး မြိုင်မြို့နှင့် (၁၀)မိုင် (၂)ဖာလုံခန့် ပခုက္ကူမြို့နှင့် (၂၈)မိုင်(၂)ဖာလုံခန့် အကွာတွင် တည်ရှိပါသည်။ ရွာသာကျေးရွာ၏ အရှေ့ဘက်(၂)ဖာလုံခန့်အကွာတွင် မြိုင်-ကမ္မကားလမ်းတည်ရှိပြီး အရှေ့ဘက်နှင့် တောင်ဘက် (၂)ဖာလုံခန့်အကွာတွင် ပုသိမ်-မုံရွာ ကတ္တရာလမ်းမကြီးတည်ရှိပါသည်။ ရွာသာကျေးရွာ၏ အရှေ့ဘက်တွင် ကျွန်းစုကျေးရွာ၊ လယ်တာကျေးရွာ ၊ အရှေ့မြောက်ဘက်(၂)ဖာလုံအကွာတွင် ကျားတက်ကျေးရွာ၊ အနောက်မြောက်ဘက်(၂)ဖာလုံခန့်အကွာတွင် ဓမ္မသာရကျေးရွာ တောင်ဘက်တွင် လှည်းလမ်းသာခြားသော ရွာသစ်ကျေးရွာရှိပါသည်။

### လူမှုရေးအခြေအနေ

ရွာသာကျေးရွာတွင် အိမ်ခြေ(၅၃)အိမ် နှင့် မိသားစုပေါင်း (၅၆)စုရှိသည်။ လူဦးရေစုစုပေါင်း (၂၅၀)ဦးရှိပြီး အမျိုးသား (၁၃၅)ဦးရှိပြီး အမျိုးသမီး (၁၁၅)ဦး ရှိပါသည်။ (၅)နှစ်အောက်ကလေးငယ် ကျား(၁၀)ယောက် (၅)နှစ်မှ (၁၃)နှစ်အောက် ကလေးငယ် ကျား(၁၉)ယောက် ၊ မ(၁၁)ယောက် စုစုပေါင်း (၃၀)ယောက် (၁၃)နှစ်မှ (၁၈)နှစ်အောက် ကျား (၂၅)ယောက် မ(၃၄)ယောက် စုစုပေါင်း (၅၅)ယောက် (၁၈)နှစ်မှ (၅၉)နှစ်အထိ ကျား(၁၉) ယောက် မ(၂၁)ယောက် စုစုပေါင်း (၄၀)ယောက်ရှိပါသည်။

### စီးပွားရေးအလုပ်အကိုင်

ရွာသာကျေးရွာ၏ အလုပ်အကိုင်မှာ တောင်သူ၊ လက်သမား ၊ ဂန်ထမ်း၊ နေ့စားအလုပ် ၊စက်ချုပ်နှင့် ရွှေ့ပြောင်း အလုပ်တို့ဖြစ်သည်။ ရွာသာကျေးရွာ အိမ်ခြေ၏(၃၁)အိမ်သည် တောင်သူများဖြစ်ကြပြီး (၁၀)အိမ်ခန့်သည် နေ့စားအလုပ်သမားများဖြစ်ကြသည်။ အိမ်ခြေ(၆)အိမ်ခန့်သည် လက်သမားများဖြစ်ကြပြီး (၄)အိမ်ခန့်သည် ဂန်ထမ်းများဖြစ်ကြသည်။ ရွာသာကျေးရွာတွင် ဆရာ(၅)ဦး ဆရာမ(၈)ဦးရှိသည်။ လက်သမား(၆) ယောက်ရှိပြီး စက်ချုပ်သူ(၂)ယောက်သာရှိသည်။ ရွာသာကျေးရွာလူဦးရေ(၃၅)ဦးမှာ ရွှေ့ပြောင်းလုပ်သားများဖြစ်ကြပါသည်။ ရွှေ့ပြောင်းလုပ်သားများ၏ (၃၀)ခန့်မှာ မလေးရှား ၊ ရွှေလီ ၊ လားရှိုး စသောပြင်ပနိုင်ငံများသို့သွား၍ အလုပ်လုပ်ကြသည်။ လူဦးရေ(၅)ဦးခန့်မှာ ရန်ကုန် ၊ မန္တလေး ၊ ဖားကန့် ၊နေပြည်တော် စသည့်ပြည်တွင်းမြို့များသို့ သွားရောက်အလုပ်လုပ်ကြသည်။

### ကျန်းမာရေး

ရွာသာကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်း ရှိပါသည်။ အလယ်တန်းနှင့်အထက်တန်းပညာကို ရွာသာကျေးရွာ၏ မြောက်ဘက်(၂)ဖာလုံခန့်အကွာတွင် ကျားတက်အထက်တန်းကျောင်းသို့ စက်ဘီး၊ခြေလျင်တို့ဖြင့် သွားရောက်သင်ယူကြရသည်။ တက္ကသိုလ်ပညာကို ပခုက္ကူမြို့နှင့် မုံရွာမြို့သို့သွားရောက်သင်ယူကြရသည်။ ရွာသာကျေးရွာတွင် မူလတန်းကျောင်းသား(၂၁)ယောက် ၊အထက်တန်းကျောင်း(၁၄)ယောက် တက္ကသိုလ်ကျောင်းသား (၈)ယောက်ရှိပါသည်။

### ရာသီဥတုအခြေအနေ

ရွာသာကျေးရွာသည် မိုးရွာသွန်းမှုနည်းပါးသည်။ ဆောင်းတွင် အလွန်အေးပြီး နွေရာသီတွင် အလွန်ပူပြင်းပါသည်။ နှစ်စဉ်မိုးရွာသွန်းသော လမှာ(၃)လခန့်သာ ရှိပါသည်။ နွေရာသီအလွန်ပူပြင်းသောအချိန်တွင် သွပ်မိုးထားသောအိမ်များတွင် မနေနိုင်ဘဲ ထန်းလက်မိုးအိမ်များ အရိပ်ရသစ်ပင်များ အိမ်ကြမ်းပြင်အောက်များတွင် ဖျာခင်း၍အနားယူကြရပါသည်။

Scanned by CamScanner

## စိုက်ပျိုးရေး

ရွာသာကျေးရွာ၏ တောင်သူများမှာ မြေပဲ ပြောင်း နှမ်း ပဲတီစိမ်း ပဲစင်းငုံ ၊ နေကြာ ၊ ကုလားပဲတို့ကို အဓိက စိုက်ပျိုးကြသည်။ ကဆုန်၊ နယုန်လများတွင် စတင်စိုက်ပျိုးကြပြီး နတ်တော် ပြာသိုလများတွင် အပြီးသတ်ရိတ်သိမ်းကြသည်။ စိုက်ပျိုးရေးလုပ်ငန်းဖြင့် မိသားစုဘဝရပ်တည်နိုင်သည်။ တောင်သူနည်းပါးပြီး အခြားအလုပ်အကိုင်များကိုပါ တွဲဖက်လုပ်ကိုင်ကြပါသည်။

## အရင်းအမြစ်အရေအတွက်

ရွာသာကျေးရွာတွင် ယာစက(၂၁၅)စက်ခန့် ၊ သနပ်ခါးခြံ(၁)ခြံ ၊ နိုင်းနွား(၆၈)ကောင် ၊ မွေးစားနွား(၈)ကောင် ကြက်ကောင်ရေ(၅၈)ကောင် ဝက်(၁၆)ကောင် ဆိုင်ကယ်(၂၅)စီး စက်ဘီး(၂၁)စီး တီဗွီ(၁၅)လုံး ၊ မီးစက်(၆)လုံးနွားစာစဉ်းစက်(၅)လုံးအပ်ချုပ်စက်(၃)လုံး မန်ကျည်းပင်(၁၀၅)ပင် တမာပင်(၄၅)ပင် ကုက္ကိုပင်(၂၀)ပင်ရှိပါသည်။

## ဘာသာရေးပွဲတော်များ

ရွာသာကျေးရွာတွင် ရွာဦးဘုန်းကြီးကျောင်းရှိပါသည်။ ရွာသာကျေးရွာ လူအများမှာလည်း ဗုဒ္ဓဘာသာ ကိုးကွယ်ကြပြီး နတ်ယုံကြည်မှုလည်းရှိပါသည်။ ရွာသာကျေးရွာတွင် နှစ်စဉ်ဂါဝင်ဘုရားပွဲ ဝါကျွတ်ဘုရားပွဲ ၊ တန်ခူးလသင်္ကြန်ပွဲ ၊ သီတင်းကျွတ်လမီးထွန်းပွဲ ၊ တပို့တွဲလဘုရားပွဲ ၊ ဆွမ်းလောင်းပွဲများ နှစ်စဉ်ကျင်းပပါသည်။ ရွာသာကျေးရွာတွင် ဓမ္မစကြာရွက်ကြပါသည်။ ဘာသာရေးအဆောက်အဦးများဖြင့် ကျောင်းဆောင်(၂)ဆောင် သိမ်(၁)ခု ၊ဆွမ်းစားဆောင် ၊ ဇရပ်(၁)ဆောင် စေတီ(၃)ဆူရှိပါသည်။

## ရေရရှိမှု

သောက်သုံးရေမှာ အိမ်တိုင်းအိမ်တိုင်း ဘုံဘိုင်တွင်း လက်လှုပ်တွင်း ရေတွင်းများရှိသည်။ အများစုမှာ ဘုံဘိုင်တွင်း ဖြစ်သည်။ ရေတွင်း အရေအတွက်(၅)တွင်းသာ ရှိသည်။ သောက်သုံးရေရရှိမှုမှာ လွန်စွာကောင်း၍ ညှိသည်များ မပြန်ချင်လောက်အောင် ဆွဲဆောင်နေပါသည်။

## ထိခိုက်လွယ်သူ

ရွာသာကျေးရွာတွင် အမျိုးသမီးဦးစီး(၃)ယောက်၊ အောက်ပိုင်းမသန်းစွမ်းသူ(၁)ယောက် ခြေတစ်ဖက်မသန်သူ(၃)ယောက် လေဖြတ်ခြေမသန်(၂)ယောက် နားမကြားသူ(၃)ယောက် ဆွံ့အနားမကြားသူ(၂)ယောက် ၊ ကိုယ်လက်အင်္ဂါချို့ယွင်းသူ(၁)ယောက် စိတ်ရောဂါဝေဒနာရှင်(၁)ယောက် အသက်ကြီး(၅)ယောက် ရှိပါသည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာရှည်အုပ်စု ရွာသာကျေးရွာတွင်
အစည်းအဝေးပြုလုပ်ရခြင်း၏
ရည်ရွယ်ချက်မှာ လူမှုရေးနှင့် အရင်းအမြစ်မြေပုံဆွဲရန်နှင့် သုံးသပ်ရန်

နေ့စွဲ ၇ - ၁၂ - ၂၀၁၉
အစည်းဝေးကျင်းပသည့်နေရာ
ပွဲပိုးသူ၏အမည် - ဦးဌေးမြင့်

အစည်းအဝေးစတင်ချိန်(၂း၀၀)
ပြီးဆုံးချိန် (   :   )
ကြာချိန် (   :   )

ကျေးရွာဖွံ့ဖြိုးမှုလူငယ် မောင်ပြည့်စိုးဟန် မောင်ပြည့်စုံအောင် ၊ မနယဉ်အေး ၊ ဦးဌေးမြင့်မှ အစည်းအဝေးတက်ရောက်သူများအား ကြိုဆိုကာလူမှုရေးမြေပုံဆွဲရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါသည်။ ဦးဌေးမြင့်မှ ရွာသူရွာသားတို့၏ အစည်းအဝေးတက်ရောက်မည့်အချိန်ကို တောင်းဆိုပါသည်။ ကျေးရွာဥက္ကဋ္ဌ ဦးဌေးမြင့်မှ ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချိန်ပေးရမည်ဟု ပြောပါသည်။

ဦးဌေးမြင့်မှ ရပ်ရွာလူထုအား ရွာ၏ပုံသဏ္ဌာန်နှင့် နယ်နိမိတ်ကို ဆွဲရန်ပြောပါသည်။ ဦးပြည့်စိုးဟန်မှ ရွာ၏ ပုံသဏ္ဌာန်သည် ထောင့်မှန်စတုဂံပုံနှင့် တူကြောင်း၊ ရေများပတ်လည်ဝိုင်းရံထားသည်ဟု ပြောပြီးရွာ၏ ပုံသဏ္ဌာန်နှင့် နယ်နိမိတ်ကို စတင်ဆွဲပါသည်။ ထိုနောက်အခြားသောသူများလည်း ရွာ၏အခြေအနေ လမ်း၏ပုံသဏ္ဌာန် အိမ်၏ အကျယ်အဝန်း ရေကန်၏အနေအထားများ မည်သို့ရှိပုံများကို ဆွေးနွေးကြပါသည်။

ဒီနေ့ဆွေးနွေးသွားသည့်အကြောင်းအရာများကို ပြန်ချုပ်ရလျှင် ရွာဦးကျောင်းမှ ဆရာတော်က ရိုးရေများလျှံ၍ ရွာထဲဝင်သည်ကို ပြုပြင်ရန် ပြောကြားသည်။ ထိုအရာကို ဦးတင်ဆွေက ပြုပြင်မွမ်းမံပြီး ရေကာတာ ပြုလုပ်ရန်ပြောကြားသည်။ ထိုအကြောင်းအရာကို ရွာသူရွာသားများကလည်းထောက်ခံပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါသည်။

အခုလိုအချိန်ပေးပြီးဆွေးနွေးပေးသည့်အတွက် ကျေးဇူးအများကြီးတင်ပါသည်။

လက်မှတ်
မှတ်တမ်းရေးသူအမည် - မကြည်ကြည်သိန်း


လက်မှတ်
ခေါင်းဆောင်အမည် - ဦးပြည့်စိုးဟန်

Scanned by CamScanner

အစည်းအဝေးတက်ရောက်သူစာရင်း

| စဉ် | အမည် | လက်မှတ် | မှတ်ချက် |
|---|---|---|---|
| ၁ | ဦးတင်ဆွေ | | |
| ၂ | ဦးကျော်သန်းဦး | | |
| ၃ | ဒေါ်စန်းရင် | | |
| ၄ | ဒေါ်ညို | | |
| ၅ | ဒေါ်စန်းစန်းမော် | | |
| ၆ | ဦးမောင်ကြိုင် | | |
| ၇ | ဦးသောင်းညွန့် | | |
| ၈ | ဒေါ်ရွှေအုံ | | |
| ၉ | ဦးအောင်ကြည်စိုး | | |
| ၁၀ | ဒေါ်နွဲ့ကြည် | | |
| ၁၁ | ဒေါ်သိန်းဆင့် | | |
| ၁၂ | ဒေါ်နန်းစိန် | | |
| ၁၃ | ဒေါ်ငွေလှိုင် | | |
| ၁၄ | ဒေါ်သိန်းကြည် | | |
| ၁၅ | ဒေါ်အမိနာ | | |
| ၁၆ | ဒေါ်သန်းနု | | |
| ၁၇ | ဦးပြေဖြိုး | | |
| ၁၈ | ဦးအောင်မြင့်ဂင်း | | |
| ၁၉ | ဦးဖိုးချော | | |
| ၂၀ | ဦးထွန်းနိုင် | | |
| ၂၁ | ဒေါ်လှသန်း | | |
| ၂၂ | မမျိုး | | |
| ၂၃ | ဒေါ်ခင်သန်း | | |
| ၂၄ | ဦးမောင်ဆန်း | | |
| ၂၅ | ဦးတင်ဂင်း | | |

Scanned by CamScanner



၃၀၀၀၀၀ ၂၀၀၀၀၀ ၅၀၀၀၀၀
၃၀၀၀၀ ၂၅၀၀၀ ၁၅၀၀၀ ၃၀၀၀၀ ၂၀၀၀၀ ၁၀၀၀၀ ၂၅၀၀၀ ၃၀၀၀၀ ၁၅၀၀၀ ၂၀၀၀၀ ၃၀၀၀၀ ၃၅၀၀၀
၁၀၀၀၀၀ ၁၅၀၀၀၀ ၃၀၀၀၀၀
၁၀၀၀၀ ၅၀၀၀ ၅၀၀၀ ၁၀၀၀၀ ၃၀၀၀ ၂၀၀၀ ၃၀၀၀ ၅၀၀၀ ၃၀၀၀ ၂၀၀၀ ၃၀၀၀

## မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာရှည်အုပ်စု ရွာသာကျေးရွာ၏ ရာသီနှင့်ပြဿနာပေါ်ချိန်ဇယား

ရွာသာကျေးရွာသည် စိုက်ပျိုးရေး မွေးမြူရေး ဘာသာရေးပွဲတော်များ ရှိပါသည်။ စီးပွားရေးအလုပ်ရှာ၍ ရန်ကုန် မန္တလေး နှင့်လားရှိုးသို့သွားရောက်အလုပ်လုပ်ကြပါသည်။

### စိုက်ပျိုးရေးနှင့် ရောဂါ

ရွာသာကျေးရွာသည် တန်ခူးလနှင့်ကဆုန်လတွင် နှမ်း စတင်စိုက်ပျိုးကြပါသည်။ နယုန်လတွင် နှမ်းပင်များ အပင်ဖြစ်ထွန်းစေရန် အသီးသီးအားကောင်းရန် ဆေးပက်ကြပါသည်။ ဝါဆိုလတွင် ရိတ်သိမ်းသောလဖြစ်ပါသည်။ ဝါခေါင်လတွင် ရိတ်သိမ်းပြီးစီး၍ ရောင်းရန်နှင့် သိုလှောင်ရန် အခိတ်လဲ ထည့်သိမ်းသောလဖြစ်ပါသည်။ တော်သလင်းလနှင့် သီတင်းကျွတ်လများမှာ နောက်ပိုင်းနှမ်းတစ်ကြိမ် ထပ်မံပြန်စိုက်ကြပါသည်။ တန်ဆောင်မုန်းလဲတွင် ဆေးပက်၍ နတ်တော်ပြာသိုလများမှာ တစ်ကြိမ်ရိတ်သိမ်းရသောလဖြစ်ပါသည်။ တပို့တွဲ တပေါင်းလများတွင် နောင်နှစ်စိုက်ပျိုးရန် ပြန်လှန်ရသောလ ဖြစ်ပါသည်။ စိုက်ပျိုးထားသော သီးနှံပင်များကို ရောဂါပိုးများ ကျရောက်သော လများမှ နတ်တော်လအထိ ရောဂါပိုးအမျိုးမျိုးကြုံရောက်ပါသည်။

### မွေးမြူရေး

ရွာသာကျေးရွာသည် ဂက် နွားများ မွေးမြူကြပါသည်။ တန်ခူးလတွင် နွားနာလျှာနာရောဂါများမှာ ဖြစ်ပွားလေ့ ရှိပါသည်။ သီတင်းကျွတ်လတွင် ဂက်များမှာ ဂက်နားရွက်ပြာ ရောဂါများ ဖြစ်ပွားပါသည်။ တန်ဆောင်မုန်းလတွင် နွားများမှာ ရောင်းဆိုးဖြင်းနှင့် ဂမ်းဖောဂမ်းရောင်ရောဂါများ ဖြစ်ပွားပါသည်။

### ပညာရေး

ရွာသာကျေးရွာသည် တန်ခူးလ ကဆုန်လနှင့် တပေါင်းလများတွင် ကျောင်းပိတ်သောလဖြစ်ပြီး နယုန်လ ဝါဆိုလ ဝါခေါင်လ တော်သလင်း သီတင်းကျွတ် တန်ဆောင်မုန်းလ ပြာသိုလ နှင့်တပို့တွဲလများမှာ ကျောင်းဖွင့်သော လဖြစ်ပါသည်။ ရွာသာ ရွာသစ် လယ်တာနှင့်ကျွန်းစု လေးရွာပေါင်း တစ်ကျောင်းတည်းသာရှိသော အလက(ခွဲ)သို့ ကလေးများ သင်ကြားရပါသည်။ အလယ်တန်း၊ အထက်တန်းသို့ တက်သွားလျှင် ရွာနှင့် (၂)မိုင်ခန့် ဝေးသော ကျားတက်ရွာသို့ သွားရောက်ပညာသင်ကြားရပါသည်။ ယမားချောင်းရှိပြီး ထိုချောင်းမှ ရေများစွာလာလျှင်လည်း ပညာသင်ကြားနေသော ကလေးများ အသွားအလာအခက်အခဲများနှင့် ရင်ဆိုင်ရသည်။

### ကျန်းမာရေး

ရွာသာကျေးရွာသည် ဝါဆိုလတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားကြပါသည်။ တော်သလင်းနှင့် သီးတင်းကျွတ်လများမှာ သွေးလွန်တုတ်ကွေးရောဂါ ဖြစ်သောလဖြစ်ပါသည်။ ပြာသိုလတွင်ချောင်းဆိုးနှင့်ကျွပ် ရောဂါဖြစ်သော လဖြစ်ပါသည်။ ရွာသာကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်းများ မရှိသော်လည်း ကုသခွင့်ရဆေးဆရာ တစ်ဦးရှိပါသည်။ ကျန်းမာရေးသင်တန်းဆင်း (၁)ဦး လည်းရှိပါသည်။ ရွာသာကျေးရွာ၏ကျန်းမာရေးကိစ္စနှင့်ပတ်သက်လျှင် ဆေးဆရာ(၂)ဦးနှင့် ကုသပြီး ကြီးမားပြင်ထန် သောရောဂါများအတွက် မုံရွာ မန္တလေး ဆေးရုံများသို့ ကုသကြရပါသည်။

### ရာသီဥတု

ရွာသာကျေးရွာ၏ ရာသီဥတုအခြေအနေမှာ တပေါင်းလ တန်ခူးလ ကဆုန်လနှင့် နယုန်လများမှာ နေပူသောလဖြစ်ပြီး ဝါဆိုလ ဝါခေါင်လ တော်သလင်းလနှင့် သီတင်းကျွတ်လများမှာ မိုးရွာသောလများဖြစ်ကြပါသည်။ တန်ဆောင်မုန်းလ နတ်တော်လ ပြာသိုလ နှင့် တပို့တွဲလများမှာ နှင်းကျသော လဖြစ်ပါသည်။ ရွာသာကျေးရွာ၏ ရာသီဥတု အခြေအနေမှာ မမှန်သော အခြေအနေဖြစ်သည်။ မိုးများလျှင်များ၍ မိုးနည်းလျှင် လွန်စွာခေါင်၏ ၂၀၁၅ခုနှစ်တွင် ချောင်းရေများစွာလာ၍ ရွာရှိလယ်များ ယာများ ဝိရိုဠ်များ ဆုံးရှုံးခဲ့ရသည်။

ဘာသာရေးပွဲတော်

ရွာသာကျေးရွာသည် လရာသီအလိုက်ပွဲတော်များရှိကြပါသည်။ တန်ခူးလတွင် သင်္ကြန်ပွဲ ရေပတ်ကစားကြပါသည်။ ကဆုန်လတွင် ရွာဦးဘုန်းကြီးကျောင်းသို့ သွား၍ ညောင်ရေသွန်းပွဲ ရှိပါသည်။ ဂါဆိုလတွင် ရွာဦးကျောင်းသို့သွား၍ ဂါဆိုသင်္ကန်းကပ်လှူကြပါသည်။ သီတင်းကျွတ်လမှာ မီးထွန်းပွဲတော်ရှိပါသည်။ တန်ဆောင်မုန်းလတွင် ရွာသူ/သားအားလုံး ပျော်ရွှင်စွာ မီးပုံးပျံလွှတ်ကြပါသည်။ တပို့တွဲလတွင် ဘုရားပွဲတော်ကို ရွာလယ်မွှာရုံတွင် ပြုလုပ်ပါသည်။

တောင်သူဝင်ငွေ

ရွာသာကျေးရွာသည် တန်ခူးလတွင် နှမ်း စတင်၍ ပေါ်ပင်သီနှံများရောင်းချသောကြောင့် ဝင်ငွေ ၃၀၀၀၀၀ကျပ် သုံးသိန်းကျပ် ဖြစ်ပါသည်။ ဂါဆိုလတွင် မြေပဲရောင်းချသော လဖြစ်သဖြင့် ဝင်ငွေ ၂၀၀၀၀၀ကျပ် နှစ်သိန်းကျပ်ဖြစ်ပါသည်။ တန်းဆောင်မုန်းလတွင် နှမ်းဈေးတက်ချိန်ဖြစ်သဖြင့် ၅၀၀၀၀၀ကျပ် ငါးသိန်းကျပ် ဖြစ်ပါသည်။

တောင်သူထွက်ငွေ

ရွာသာကျေးရွာ၏ ထွက်ငွေမှာ တန်ခူးလတွင် ၃၀၀၀၀ ကျပ် သုံးသောင်းကျပ်ထွက်ပါသည်။ ထွက်ရသော ငွေမှာ အထွန်ငှားရခြင်း စိုက်ပျိုးရန်ပြင်ဆင်ရသည့်အတွက် ထွက်ရခြင်းဖြစ်ပါသည်။ ကဆုန်လတွင် ၂၅၀၀၀ကျပ် နယုန်လတွင် ၁၅၀၀၀ကျပ် ဂါဆိုလတွင်၃၀၀၀၀ကျပ် ဂါခေါင်လတွင် ၂၀၀၀၀ကျပ် တော်သလင်းလတွင် ၁၀၀၀၀ကျပ် သီတင်းကျွတ်လတွင် ၂၅၀၀၀ကျပ် တန်ဆောင်မုန်းလတွင် ၃၀၀၀၀ကျပ် နတ်တော်လတွင် ၁၅၀၀၀ကျပ် ပြာသိုလတွင် ၂၀၀၀၀ကျပ် တပို့တွဲလတွင် ၃၀၀၀၀ကျပ် နှင့် တပေါင်းလတွင် ၃၅၀၀၀ကျပ် စသဖြင့် တောင်သူများထွက်ငွေ ဖြစ်ပါသည်။ ထွက်ရသည့်အကြောင်းအရင်းမှာ ပေါင်းသင်ပေါင်းနုတ် ငှားရခြင်း ဆေးပတ်ခြင်း ရိတ်သိမ်းငှားရခြင်း စသဖြင့် ထွက်ငွေအဖြစ်အသုံးပြုရပါသည်။

နေ့စားရငွေ

ရွာသာကျေးရွာသည် နေ့စားလုပ်ငန်းလုပ်ကိုင်သူများရှိပါသည်။ တန်ခူးလတွင် ၁၀၀၀၀၀ ကျပ်တစ်သိန်းကျပ် ဝင်ပါသည်။ အကြောင်းအရင်းမှာ တစ်နေ့ဝင်ငွေလုပ်အားခမှ သုံးထောင်ကျပ်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဂါဆိုလတွင် ၁၅၀၀၀၀ကျပ် တစ်သိန်းငါးသောင်းကျပ် ဖြစ်ပါသည်။ အကြောင်းအရင်းမှာ ထိုအချိန်တွင် နေ့စားခ တစ်နေ့ကုန် နှစ်ထောင်ကျပ်ရသောကြောင့်ဖြစ်ပါသည်။ တန်ဆောင်မုန်းလတွင် သုံးသိန်းကျပ်ဝင်ပါသည်။ အကြောင်းအရင်းမှာ ၄င်းလသည် နှမ်းစိုက်အငှားခေါ်သူပေါ်များသောကြောင့် ဈေးပိုပေး၍ ငါးထောင် ခြောက်ထောင် ပေး၍ငှားသောကြောင့်ဖြစ်သည်။

ရွှေ့ပြောင်းလုပ်သား

ရွာသာကျေးရွာသည် တန်ခူးလတွင် စိုက်ပျိုးချိန်ဖြစ်၍ အလုပ်ရှုပ်သောကာလ ဖြစ်ပြီးတစ်အိမ်လျှင် နှစ်ဦးနှုန်းဖြင့် သွားရောက်လုပ်ကိုင်ကြသည်။ သီးတင်းကျွတ်လ၌ ရွာတွင်အလုပ်ရှားပါးသဖြင့် တစ်အိမ်လျှင် သုံးယောက်နှုန်း သွားရောက်ကြရသည်။ တပို့တွဲလတွင်မူ အလုပ်ပြီးချိန်ဖြစ်သဖြင့် တစ်အိမ်လျှင် ငါးယောက်နှုန်း သွားရောက်ကြသည်။ အိမ်စောင့်သက်ကြီးရွယ်အိုများမှအပ လုပ်နိုင်သူအားလုံး သွားရောက်လုပ်ကိုင်ကြသည်။ အများစု သွားရောက်လုပ်ကိုင်သောမြို့များမှာ မန္တလေးနှင့် လားရှိုး ပင်ဖြစ်သည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာရှည်အုပ်စု ရွာသာကျေးရွာ၏
ရာသီခွင်ပြဇယား အစည်းအဝေးမှတ်တမ်း


ရက်စွဲ - ၇ - ၁၂ - ၂၀၁၉
အစည်းအဝေးစတင်ချိန် - ၉း၀၀ နာရီ
ပြီးဆုံးချိန် - ၁၂း၀၀ နာရီ
ကြာချိန် - ၃း၀၀ နာရီ
နေရာ - မွှာရုံ

ဆွေးနွေးပွဲစတင်ချိန်တွင် မအေးအေးမြတ်မှ ရာသီခွင်ပြဇယား၏ ရည်ရွယ်ချက်အကြောင်းရှင်းပြပါသည်။ ဘယ်လရာသီမှာ ဘာတွေစိုက်ပျိုးတယ် ပွဲရာသီ ဂမ်းတာဖူလုံးရေးစတဲ့ အကြောင်းအရာတွေကို လစဉ်ပြောပြရမယ်လို့ ပြောပါသည်။ စိုက်ပျိုးရေး ၊ စိုက်ပျိုးရေးနှင့်ရောဂါ ပညာရေး ၊ ကျန်းမာရေး၊ လူမှုရေး ၊ဘာသာရေးပွဲတော်ရှိမယ်လို့ ရွာသူ/သားများမှ ပြောပါသည်။ စိုက်ပျိုးရေးမှာ တန်းခူလနှင့် ကဆုန်လမှာ စိုက်ပယ် နယုန်လမှာ ဆေးပတ်ရတယ်လို့ ဦးတင်ဆွေမှ ပြောပါသည်။ ဂါဆိုလမှာ ပေါင်းနုတ်ပြီး ဂါခေါင်လမှာ ရိတ်သိမ်းတယ်လို့ ဦးပြည့်စိုးဟန်မှ ပြောပါသည်။ နောက်ကျန်တဲ့လတွေမှာတော့ နှမ်းမြန်စိုက်ပြီး ဒီလိုပဲပေါင်းသင်တယ် မြန်ရိတ်တယ်လို့ ရွာသူ/ရွာသားများမှ ပြောပါသည်။ တန်ခူးကနေ နတ်တော်လထိ စိုက်ပျိုးရေးမှာ ပိုးကျတယ်လို့ ဦးဒွေးမြင့်မှ ပြောပါသည်။ တပိုတွဲလလည်းပိုးကျတယ်လို့ ဦးတင်ဆွေမှ ပြောပါသည်။ ပိုးကောင်အမျိုးအစားတွေက လိပ်ပြာ၊ ပိုးလောင်တန်း ၊ ပျအကောင်တွေကို အာမိုဆေးတွေဖြန်းရတယ်လို့ ဦးပြည့်စိုးဟန်မှ ပြောပါသည်။ မွေးမြူရေးမှာ တန်ခူးလမှာ နွားများက ခွာနာလျှာနာဖြစ်တယ် ၊ သီးတင်းကျွတ်လမှာ ဟက်တွေက ဟက်နားရွက်ပြာရောဂါဖြစ်တယ်လို့ ရွာသူ/သားများမှ ပြောပါသည်။ တန်ဆောင်မုန်းလမှာ နွားတွေရောင်းဆိုးတယ်။ ဂမ်းဖောဂမ်းရောင်ဖြစ်တယ်လို့ ရွာသူ/ရွာသားများမှ ပြောပါသည်။ ပညာရေးတွင် နယုန်လမှ တပိုတွဲလထိ ကျောင်းပိတ်တယ်လို့ ဦးကျော်သန်းဦးမှ ပြောပါသည်။ တပေါင်း ၊ တန်ခူး ၊ ကဆုန်လမှာ ကျောင်းပိတ်တယ်လို့ ရွာသူ/ရွာသားများမှ ပြောပါသည်။ ကျန်းမာရေးတွင် ဂါဆိုလမှာ ဂမ်းပျက်ဂမ်းလျှောရောဂါ ဖြစ်တယ်လို့ ဦးတင်ဆွေမှာ ပြောပါသည်။ တော်သလင်း သီတင်းကျွတ်လမှာ သွေးလွန်တုတ်ကွေးရောဂါ ဖြစ်တယ်။ ကလေးတွေဆို တစ်ရွာလုံးဖြစ်ကြတယ်လို့ ရွာသူ/ရွာသားများမှ ပြောပါသည်။ ချောင်းဆိုးရင်ကျပ်ဖြစ်တာက ပြာသိုလမှာ အဲဒီရောဂါကလည်း တစ်ရွာလုံးနီးပါး ဖြစ်ကြတယ်လို့ ဦးဒွေးမြင့်မှ ပြောပါသည်။ ရွာသီဥတုမှာ တန်ခူး ကဆုန် နယုန် တပေါင်းလမှာ နေပူတယ် ဂါဆို ဂါခေါင် တော်သလင်း သီတင်းကျွတ်လမှာ မိုးရွာပြီး တန်ဆောင်မုန်း နတ်တော် ပြာသို တပိုတွဲလမှာ ချမ်းအေးတဲ့ရာသီဖြစ်တယ်လို့ ရွာသူ/ရွာသားများမှ ပြောပါသည်။ ထိုနောက် အစည်းအဝေးကို ရုပ်သိမ်းလိုက်ပါသည်။

လက်မှတ် -
မှတ်တမ်းရေးသူ - ခင်ခက်ခက်ခိုင်

ရက်စွဲ - ၇.၁၂.၂၀၁၇

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ရွာသစ်မြောက်ရွာ၊ ရွာတောကျေးရွာအုပ်စု ကျေးရွာလုပ်ငန်းအဖွဲ့ ပြဿနာသစ်ပင်



## မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာရှည်အုပ်စု ရွာသာကျေးရွာ၏ ချောင်းလက်ပေါက် ရေလျှံမှု ပြဿနာသုံးသပ်ချက်

ချောင်းလက်ပေါက် ရေလျှံမှုပြဿနာမှာ မိုးရာသီတွင် ရေများကျေးရွာအတွင်းသို့ ဝင်ရောက်ပြီး ကျေးရွာရှိ ရွာသူ/ရွာသားများနှင့် တကွ နေအိမ်များ ၊ လှဲယိုင်ခြင်း အိုးခွက်များ မျောပါခြင်းတို့နှင့် မွေးမြူထားသော တိရိစ္ဆာန်များကို ရွံ့အိုင်ထဲတွင် နေထိုင်ရခြင်းကြောင့် လူနှင့် တိရိစ္ဆာန်တို့ ကူးစက်ပြန့်ပွားသော ရောဂါများ ခံစားရကြောင်း ရှိပါသည်။ ၎င်းနောက် နှစ်စဉ်မိုးရာသီတွင် ချောင်းလက်ပေါက်များသည် ကျေးရွာ၏ ဘေးပတ်လည်ရှိ ယာခင်းများသို့ ဝင်ရောက်စီးဆင်းသည့်အတွက် ယာခင်းများတွင် စိုက်ပျိုးထားသော သီးနှံပင်များ ပျက်စီးဆုံးရှုံးခြင်းနှင့် ယာခင်းများတွင်း၎င်းရေများဖြတ်သန်းစီးဆင်းသွားလာသည့်အခါ ကန်စင်းရိုးများ ကျိုးပြီး ချိုင့်ဝန်းများ ယာခင်းများတွင်ဖြစ်ပေါ်၍ နေရစ်ပါသည်။ နှစ်စဉ်နှစ်တိုင်း မိုးရာသီကျရောက်လာသည့်အခါ အလွန် ခက်ခဲစွာ သွားရောက်၍ ကျောင်းတက်ရပါသည်။ မိုးရာသီကျရောက်တိုင်း သက်ကြီးရွယ်အိုများနှင့် ကလေးများ အတွက် အုပ်ထိန်းသူများနှင့် စောင့်ရှောက်သူများသည် ,အမြဲတစေ စိတ်ဆင်းရဲနေရပါသည်။ မိုးရာသီတွင် ချောင်းရေများ ကျရောက်သည့်အတွက် ဆေးရုံဆေးခန်းသို့ အရေးတကြီး သွားလာရန် လိုအပ်သည့် ရောဂါများ ဖြစ်ပေါ်လာခဲ့လျှင် ကျွန်တော်မျိုးတို့မှာ အသက်ဆုံးရှုံးရမည့် အခြေအနေကိုပင် ရောက်ရှိလာပါသည်။

ရေအရင်းမြစ်၏ ဆိုးရွားမှုများမှာ မိုးရာသီကာလတစ်လျှောက်လုံး ချောင်းမြောင်းများကျဉ်းမြောင်းပြီး ချုံနွယ်များ ပိတ်ဆို့မှုတို့ကြောင့် မူလရေလမ်းကြောင်းအတိုင်း မသွားရောက်တော့ဘဲ ကျေးရွာဘက်သို့ ၎င်းချောင်းရေများ သွားလာစီးဆင်းနေပါသည်။ ၎င်းချောင်းရေများကို မူလအတိုင်း ကျေးရွာရှိ ရွာသူ/ရွာသားများနှင့် တကွ ပတ်ဝန်းကျင်မှ လယ်ရှင် ယာရှင်များနှင့်အတူ ပိတ်ဆို့ကျဉ်းမြောင်းနေသော ချုံနွယ်များနှင့် ဖော့တိုက်များ ဖယ်ရှားရှင်းလင်းပြီး နစ်မြုပ်နေသော မြေဇာများနှင့် ကျဉ်းမြောင်းနေသော နေရာများကို တူးဖော်ချဲ့ထွင်ရှင်းလင်း ပြုလုပ်ကြပါသည်။ ပြုလုပ်သော်လည်း ကျေးရွာလူထုအင်အားနှင့်ယာရှင်များ၏ ပူးပေါင်းဆောင်ရွက်သော်လည်း ၎င်းချောင်းရေသည် မူလလမ်းကြောင်းသို့ မသွားရောက်နိုင်ဘဲ ပြုပြင်တူးဖော်၍ တာဘောင်များတင်၍ ပြုလုပ်သော်လည်း နှစ်စဉ်နှစ်တိုင်း တာဖောင်များ ကျိုးကျနေပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာလူထုနှင့် ယာရှင်များ အင်အားဖြင့် ထားဆီးရန်အတွက် နိုင်ငံတော်နှင့်တကွ ဌာနဆိုင်ရာအသီးသီးတို့၏ ထောက်ပံ့ကူညီမှုများ လိုအပ်ပါသည်။ ချောင်းရေများ မူလလမ်းကြောင်းအတိုင်း သွားရောက်ပါက ကျေးရွာရှိ အိမ်ခြေ(၅၈)အိမ်နှင့် လူဦးရေ (၂၇၀)ခန့် စီးပွားရေး ၊ ကျန်းမာရေး ၊ ပညာရေးများ ဖွံ့ဖြိုးတိုးတက်ပြီး ပတ်ဝန်းကျင်ရှိ လယ်ယာမြေများတွင်လည်း ရာသီအလိုက် သီးနှံ နှင့် ဥယျာဉ်ပန်းမန်များလဲ စိုက်ပျိုးလုပ်ကိုင် စားသောက်နိုင်ပြီး ကျေးရွာရှိ ပြည်သူလူထုနှင့် တောင်သူဦးကြီးများ စီးပွားရေးများ အောင်မြင်ဖြစ်ထွန်း နိုင်ပါသည်။

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာရှည်ကုန်း ရွာသာကျေးရွာ၏
## ချောင်းလက်ပေါက် ရေလျှံမှု ပြဿနာသစ်ပင်၏ အစည်းအဝေး မှတ်တမ်း

ရက်စွဲ - ၇ - ၁၂ - ၂၀၁၉
အစည်းအဝေးစတင်ချိန် - ၉း၀၀ နာရီ
ပြီးဆုံးချိန် - ၁၂း၀၀ နာရီ
ကြာချိန် - ၃း၀၀ နာရီ
နေရာ - ဓမ္မာရုံ

အစည်းအဝေးစတင်ချိန်တွင် မဒေးဒေးမြင့်မှ ပြဿနာသစ်ပင် ရေးဆွဲရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပေးပါသည်။ ဒီရွာမှာ ဘာပြဿနာဖြစ်လဲ လမ်းမကောင်းခြင်းလား ၊ ဥပမာ ပြောပြကာ ချောင်းလက်ပေါက် ရေလျှံမှု ပြဿနာဖြစ်နေတယ်လို့ ရွာသူ/ရွာသားများမှ ပြောပါသည်။ အဲ့ဒါဆိုရင် ချောင်းလက်ပေါက် ရေလျှံမှု ပြဿနာ ဖြစ်နေတဲ့အကြောင်းအရင်းက ဘာဖြစ်လို့လဲလို့မေးရာ မိုးရာသီတွင် နှစ်စဉ် ချောင်းရေလျှံကျတယ်လို့ ဦးကျော်သန်းဦးမှ ပြောပါသည်။ နောက်တစ်ချက်က မြေယာများ ပျက်စီးတယ်လို့ ဦးတင်ဆွေမှ ပြောပါသည်။ ကျေးရွာအတွင်း နှစ်စဉ် ရေဝင်တယ် မြောက်ဘက်ကို တစ်မြိမ်လုံးဝင်တာလို့ ဦးမြင့်ဦးမှ ပြောပါသည်။ အဲလိုရေဝင်တော့ လမ်းတွေပျက်စီးတယ်လို့ ရွာသူ/ရွာသားများမှ ပြောပါသည်။ ကျန်းမာရေး ထိခိုက်လာတယ် ပညာရေးတွေလည်း နောင့်နှေးလာတယ်။ အကြောင်းအရင်းက ရှိသေးလားလို့မေးရာ မရှိတော့ဘူးဆိုလည်း ဖြစ်လာတဲ့အကျိုးဆက်က ဘာတွေလဲ။ စီးပွားရေးကျဆုံးလာတယ်လို့ ဦးမောင်ကြိုင်မှ ပြောပါသည်။ လူနှင့် တိရစ္ဆာန်များ ဒုက္ခရောက်တယ်လို့ ဦးသောင်းညွန့်မှ ပြောပါသည်။ စိုက်ပျိုးသီးနှံများ ပျက်စီးတယ်လို့ ရွာသူ/ရွာသားများမှ ပြောပါသည်။ အိုး အိမ်များ ပျက်စီးဆုံးရှုံးတယ်လို့ ရွာသားများအားလုံးမှ ပြောပါသည်။ ရွာထဲလမ်းတွေ ရေတွေဝင်တော့ ချိုင့်ခွက်တွေဖြစ်ပြီးတော့ သွားလာရတာခက်ခဲတယ်လို့ ရွာသားများအားလုံးမှ ပြောပါသည်။ နောက်တစ်ချက်ကတော့ ဝမ်းရောဂါများဖြစ်ပွားတယ် ကျောင်းသူ/ ကျောင်းသားများ ကျောင်းပျက်တဲ့ရက်တွေများလာတော့ ပညာရေးတွေ နောင်းနေးလာတယ်လို့ ဦးမောင်ကြိုင်နှင့် ဦးပြည့်စိုးဟန်မှ ပြောပါသည်။ နောက်ဆုံးမှာတော့ အသီးလေးသီးလာရမှာ အသီးလေးကျတော့ သေးဆုံးလာတာတွေ ဖြစ်ပွားလာတယ် ဝင်ငွေလေ ကျနည်းပါးလာတယ် နိုကိုးရာမဲ့ဖြစ်လာတယ် နောက်ပြီး ပဟုသုတနည်းပါးလာတယ် စိတ်ဆင်းရဲလာတယ်လို့ ဦးရွှေမြင့် ၊ ဦးတင်ဆွေ နှင့် ဦးပြည့်စိုးဟန် မှ ပြောပါသည်။ ဒီလောက်ဆို ပြည့်စုံပါတယ်လို့ ရွာသူ/ရွာသားများမှ ပြောပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ပါသည်။

လက်မှတ် -
မှတ်တမ်းရေးသူ - မခင်ခက်ခက်နိုင်

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာရှည်အုပ်စု ရွာသာကျေးရွာ၏<br>ချောင်းလက်ပေါက် ရေလျှံခြင်း ပြဿနာဖြေရှင်းမှု စက်ကွင်း သုံးသပ်ချက်

ရက်စွဲ - ၇ - ၁၂ - ၂၀၁၉

ရွာသာကျေးရွာ၏ အခက်အခဲပြဿနာသစ်ပင်မှာ ချောင်းလက်ပေါက် ရေလျှံခြင်း ဖြေရှင်းမှုစက်ကွင်းဖြစ်သည်။ ချောင်းလက်ပေါက်ရေလျှံခြင်းကြောင့် မိုးတွင်းကာလတွင် အခက်အခဲများနှင့် ကြုံတွေ့ရသည်။ ရေလျှံသောကြောင့် ကလေးငယ်များ အမျိုးသမီးများ သွားလာရေးအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရတယ်ဟု ပြောပြကြသည်။ မိုးရာသီတွင် နှစ်စဉ် ရေလျှံကျခြင်းကြောင့် မြေယာများတိုက်စား ပျက်စီးခြင်း ကျေးရွာအတွင်း နှစ်စဉ် ရေဝင်ရောက်ရှိ လမ်းများပျက်စီးခြင်း ကျောင်းသားများ သွားလာရခက်ခဲကြသည်။ ပညာရေးနောင့်နှေးရပါသည်။ သို့ပါ၍ဖြေရှင်းရန် နည်းလမ်းမှာ တာဘောင်များနိုင်နံ့အောင် တည်ဆောက်မည်။ မူလရေကြောင်းပိတ်ဆို့ထားသော တောင်သူများ ဖယ်ရှားမည်။ စက်ယန္တရားများလိုအပ်ပါသည်။ သို့ဖြစ်ပါ၍ အစိုးရသို့ တင်ပြတောင်းခံမည် ဖြစ်ပါသည်။ နိုင်ငံတော်မှ ပံ့ပိုးကူညီမှု ရရှိရန် လိုအပ်ပါသည်။ ပတ်ဝန်းကျင် ကျေးရွာများမှ အကူအညီများလည်း လိုအပ်ပါသည်။ ရွာသာကျေးရွာမှ ရွာသူ/ရွာသား များမှလည်း စည်းစည်းလုံးလုံး လုပ်ဆောင်သွားပါက ငှင်းရေလျှံခြင်းမှ ကြုံတင်တားဆီး ကာကွယ်သွားနိုင်မည် ဖြစ်ပါသည်။

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာရှည်အုပ်စု ရွာသာကျေးရွာ၏
ချောင်းလက်ပေါက် ရေလျှံခြင်း ပြဿနာသစ်ပင်၏ ဖြေရှင်းမှု စက်ကွင်း အစည်းအဝေး မှတ်တမ်း

နေရာ - ဓမ္မာရုံ
စတင်ချိန် - ၉း၀၀
ပြီးဆုံးချိန် - ၁၂း၀၀
ကြာချိန် - ၃း၀၀
ရက်စွဲ - ၇ - ၁၂ - ၂၀၁၉

အစည်းအဝေးစတင်ချိန် ပြဿနာသစ်ပင်၏ ဖြေရှင်းမှုစက်ကွင်း၏ ရည်ရွယ်ချက်အကြောင်းကို မခင်ခက်ခက်နိုင်မှ ရှင်းပြပေးပါသည်။ ချောင်းလက်ပေါက် ရေလျှံခြင်း ဖြေရှင်းမှု စက်ကွင်းဖြေရှင်းခြင်းကို ဘယ်ဌာနတွေနဲ့ချိတ်ဆက်ရင် ကောင်းမလဲ ဘယ်လိုဖြေရှင်းရင် ကောင်းမလဲလို့ မေးရာ အစိုးရသို့ တင်ပြမယ်လို့ ဦးပြည့်စိုးဟန်မှ ပြောပါသည်။ နောက်ပြီး ငွေကြေးအလှူရှင်များလိုအပ်တယ် စက်ယန္တရားများလိုအပ်တယ်လို့ ဦးဌေးမြင့်နှင့် ဦးတင်ဆွေမှ ပြောပါသည်။ မူလရေကြောင်းပိတ်ဆို့ထားသော တောင်သူများ ဖယ်ရှားကာ တောင်သူများ ရေရှည်နိုင်ခံ့အောင် တည်ဆောက်ရမယ်လို့ ဦးပြည့်စိုးဟန်မှ ပြောပါသည်။ ရွာသူ/ရွာသားများ စည်းစည်းလုံးလုံး လုပ်ဆောင်ရန် နိုင်ငံတော်မှ ပံ့ပိုးကူညီမှု တောင်းခံရမယ်လို့ ရွာသူ/ရွာသားများမှ ပြောပါသည်။ နောက်ထပ် ပတ်ဝန်းကျင် ကျေးရွာများမှ အကူအညီကိုရယူဖို့လည်း လိုတယ်လို့ ဦးသိန်းဆင့်မှ ပြောပါသည်။ ချောင်းလက်ပေါက် ရေလျှံခြင်းက ဘယ်ရွာတွေရောခံစားနေရလည်းလို့မေးရာ ရွာသူ/ရွာသားများသာ ခံစားရတယ်လို့ ရွာသူ/ရွာသားများမှ ပြောပါသည်။ မိုးရာသီတွင် နှစ်စဉ် ချောင်းရေလျှံကျပြီး မြေယာများ ပျက်စီးလာတယ်၊ ကျေးရွာအတွင်း နှစ်စဉ် ရေဝင်ရောက် လမ်းများပျက်စီးတော့ ကျောင်းသားများသွားလာရခက်ခဲလာတယ်လို့ ဦးအောင်ကြည်စိုးမှ ပြောပါသည်။ ထိုနောက် အကျိုးဆက်က ကျန်းမာရေး ထိခိုက်လာတယ် ပညာရေးနောင့်နှေးလာတယ်လို့ ရွာသူ/ရွာသားများမှ ပြောပါသည်။ အဲဒီအကြောင်းအရာတွေကို အခုနက ပြောတဲ့ အဖွဲ့အစည်းတွေက ပံ့ပိုးပေးမယ်ဆိုရင် အဆင်ပြေပါတယ်လို့ ပြောပြီး ဆွေးနွေးပွဲ ရုပ်သိမ်းလိုက်ပါသည်။

လက်မှတ် -
မှတ်တမ်းရေးသူ - မဥမ္မာသန်း

Scanned by CamScanner

ပြဿနာသစ်ပင် နှင့် ဖြေရှင်းမှုစက်ကွင်း
အစည်းအဝေးတက်ရောက်သူစာရင်း


| စဉ် | အမည် | လက်မှတ် | မှတ်ချက် |
|---|---|---|---|
| ၁ | ကိုမြင့်နိုင်ဝင်း | | |
| ၂ | ဒေါ်စန်းရင် | | |
| ၃ | ဒေါ်ညိုရင် | | |
| ၄ | ဒေါ်ဒေါ်သေး | | |
| ၅ | ဒေါ်ညိုရီ | | |
| ၆ | ဦးအောင်မြင့်ဝင်း | | |
| ၇ | ဒေါ်မာန်မေ | | |
| ၈ | ဒေါ်စန်းစန်းမော် | | |
| ၉ | ဒေါ်ငွေလှိုင် | | |
| ၁၀ | ဦးဝေ | | |
| ၁၁ | ဒေါ်ရွှေအုံ | | |
| ၁၂ | ဒေါ်သိန်းဆင့် | | |
| ၁၃ | ဒေါ်နှင်းရွှေ | | |
| ၁၄ | ဦးသောင်းညွန့် | | |
| ၁၅ | ဦးဖြေ | | |
| ၁၆ | ဒေါ်ယုငွေ | | |
| ၁၇ | ဦးကျော်သန်းဦး | | |

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ရွာရှည်အုပ်စုရှိ ၊ ရွာသာအေးရွာ ရှိ ကျောင်းပတ်ဝန်းကျင်လေ့လာခြင်း


ရက်စွဲ - 7.12.2019

မြေရှင်းမှုလော်ကွင်း



[illegible]

[illegible] 7.12.19



## မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာသာကျေးရွာ၏ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းပြမြေပုံ

ရွာသာကျေးရွာသည် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာရှည်အုပ်စုတွင် တည်ရှိပါသည်။ ရွာ၏ အိမ်ခြေပေါင်းမှာ (၅၃)အိမ်ရှိပါသည်။ လူဦးပေါင်းမှာ (၂၅၀)ရှိပြီး ကျား(၁၀၀) မ(၁၅၀) ရှိပါသည်။ ရွာ၏ပုံသဏ္ဌာန်မှာ လေးထောင့်ချွန်ပုံစံ ရှိသည်။ ရွာ၏အရှည်သည် အရှေ့- အနောက်ဖြစ်ပြီး ပေ(၃၅၀)ခန့်ရှိပြီး တောင်-မြောက် အရှည်ပေ(၃၀၀) ရှိသည်။ ရွာ၏အရှေ့ဘက်တွင် ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းရှိပါသည်။ ရွာ၏တောင်ဘက်တွင် ရွာသစ်ရွာရှိပြီး ထိုရွာသို့ လူမှုရေး စီးပွားရေးကိစ္စများကို ခြေလျင်ဖြင့် အများဆုံးသွားသည်။ ရွာသစ်ရွာနှင့် အကွားအဝေးမှာ လှည်းလမ်းသာခြားပါသည်။ ရွာ၏ အနောက်ဘက်(၂)မိုင်ခန့်အကွာတွင် ဓမ္မသာရရွာ ရှိသည်။ ၎င်းရွာသို့ ခြေလျင်သော်လည်းကောင်း ဆိုင်ကယ်ဖြင့်သော်လည်းကောင်း သာရေး နာရေး ဈေးရောင်းအဖြစ် သွားလေ့ရှိသည်။ ရွာ၏ မြောက်ဘက်တွင် လယ်ကွင်းများ ရှိသည်။

ရွာသာကျေးရွာ၏ အနောက်တောင်ဘက်တွင် လယ်တာကျေးရွာရှိပါသည်။ ၎င်းတို့ကျေးရွာသို့ ဆိုင်ကယ်နှင့် သွားရောက်လျှင် (၅)မိနစ်ခန့်သွားရောက်ရပြီး ခြေလျင်ဖြင့် သွားလျှင် (၁၅)မိနစ်ခန့် သွားရောက်ရပါသည်။ ၎င်းနောက် ရွာသာရွာမှ မြိုင်မြို့သို့ ရုံးကိစ္စနှင့်သော်၎င်း ကျန်းမာရေးကိစ္စဖြင့်သော်၎င်း သွားရောက်သည့်အခါ ကားဖြင့်သွားလျှင်(၄၅)မိနစ်ခန့်သွားရောက်ရပြီး ဆိုင်ကယ်ဖြင့်သွားလျှင်(၁)နာရီ သွားရောက်ကြရပါသည်။ ကျွန်တော်တို့ ရွာသာကျေးရွာ၏ အရှေ့တောင်ဘက်တွင် ပခုက္ကူမြို့ရှိပါသည်။ ထိုမြို့သို့ ကျန်းမာရေး ပညာရေး ရောင်းဝယ်ရေးကိစ္စနှင့်သွားလျှင် ကားဖြင့် (၃)နာရီသွားရောက်ရသည်။ ကျွန်တော်တို့ ရွာသာကျေးရွာ၏ မြောက်ဘက်တွင် ကျားတက်စံပြကျေးရွာရှိပြီး ၎င်းကျေးရွာသို့ ကျန်းမာရေး ပညာရေး ရောင်းဝယ်ရေး ကိစ္စဖြင့် အသွားအလာများလေ့ရှိသည်။

ကျွန်တော်တို့ရွာသာကျေးရွာသည် မြိုင်မြို့နယ် မြောက်ဖျားပိုင်းတွင် တည်ရှိပြီး မုံရွာမြို့သို့ ကျန်းမာရေး ပညာရေး တို့ဖြင့် သွားရောက်ရပြီး ဒေသထွက် သီးနှံများသွားရောက်ရောင်းချပါသည်။ ထိုနောက် ကျွန်တော်တို့ကျေးရွာမှ မန္တလေးမြို့သို့လည်း သွားရောက်၍ အလုပ်များလုပ်ကိုင်ကြပါသည်။ ထိုအပြင် ကျနော်တို့ကျေးရွာသူ ကျေးရွာသားများသည် လားရှိုးမြို့ မူဆယ်မြို့သို့ ရာသီအလိုက် သွားရောက်၍ အလုပ်များ လုပ်ကိုင်ကြပါသည်။

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာသာကျေးရွာ၏ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းပြမြေပုံရေးဆွဲခြင်း အစည်းအဝေး

အစည်းအဝေးစတင်ချိန် - ၉း၀၀

အစည်းအဝေးပြီးဆုံးချိန် - ၁၂း၀၀


အစည်းအဝေးကြာမြင့်ချိန် - ၃း၀၀

အစည်းအဝေးပြုလုပ်သည့်နေရာ -ဓမ္မာရုံ

ရွာသာကျေးရွာ၏ ဝန်ဆောင်မှုနှင့်အခွင့်အလမ်းပြ မြေပုံရေးဆွဲရခြင်း၏ ရည်ရွယ်ချက်ကို မအေးမြတ်မှ ရှင်းပြသည်။ ဝန်ဆောင်မှုနှင့် အခွင့်အလမ်းဆိုသည်မှာ မိမိတို့ကျေးရွာ၏ စီးပွားရေး လူမှုရေး ပညာရေး ကျန်းမာရေး ဘာသာရေးများကို လုပ်ဆောင်နေရသော (သို့မဟုတ်) ချိတ်ဆက်နေသော ကျေးရွာမြို့များ ဆေးပေးခန်း ကျောင်း အစရှိသည့် အချက်အချာနေရာများနှင့် ခရီးမိုင်အကွာအဝေးကို ဆိုလိုသည်။ ရွာသာ၏ တောင်ဘက်တွင် ရွာသစ်ရှိ၍ ညောင်ပင်သာရွာလည်းရှိသည်။ ဓမ္မသာရရွာနှင့်လည်း (၃)မိုင်ကွာဝေးသည်။ ရွှေချမ်းသာရွာ ပုလဲ သို့လည်းသွားရောက်ကြသည်။ ကျားတက် ဆားလင်းကြီး မုံရွာသို့လည်း သီးနံ့ရောင်းဝယ်ကြ၍ အိမ်၏လိုအပ်ချက်ဖြစ်သော မီဖိုချောင်သုံး စားသောက်စရာများကိုပါဝယ်ယူကြပါသည်ဟု ဒေါ်မော်မှ ပြောပါသည်။ မွန္တလေး လားရှိုးမြို့များသို့လည်း အလုပ်သွားလုပ်ကြပါသည်။ ရွာသာကျေးရွာ၏ အရှေ့ဘက်တွင် ကျွန်းစုကျေးရွာရှိသည်။ လယ်တာရွာလည်းရှိပါသည်။ ရွာရှည်ကျေးရွာတွင် ကျန်းမာရေးဆရာမရှိသည်။ ကလေးများ၏ ကာကွယ်ဆေးထိုးနံကိစ္စရပ်များကို ပြုလုပ်လျှင် ရွာရှည်သို့ သွားရောက်ကြရပါသည်။ ထန်းတောမရွာ ရွာသစ်ဖျ(သို့မဟုတ်) သံဘိုရွာ ဇီးချိုင် ရွှေဘုံသာ ရှမ်းကိုင်း ကံတွင်း တရား အနောက်ထုံးမ အရှေ့ထုံးမ ကျွန္တနီ ဖျသီး လင်းကတော ရေစကြိုမြို့ ပခုက္ကူမြို့များသို့လည်း သွားရောက်ကြသည်။ လက်ယက်မကျေးရွာမှ တ◌ ◌င့်ပြင် သို့လည်း သွားရောက်ကြသည်။ အခြားဒေသ(သို့မဟုတ်) ပြည်တွင်းပြည်ပသို့လည်းရွှေ့ပြောင်းလုပ်သားအဖြစ် သွားရောက်ကြရသည်ဟု ရွာသူ/ရွာသားများမှ ပြောပါသည်။ ယခုအခါတွင် အခြားရွာများသို့ သွားရောက်ပါက ဆိုင်ကယ်ကို အများဆုံးအသုံးပြုကြသည်။ ဈေးဝယ်သွားရာတွင် ကားကိုအသုံးပြု၍ မုံရွာမြို့သို့ သွားရောက်ဝယ်ယူကြရသည်။ စီးပွားရေး ပညာရေးအတွက် အဝေးသို့ သွားရောက်ကြရသည်။ လူမှုရေးမှာ အနီးပတ်ဝန်းကျင်ကျေးရွာများမှ အများဆုံးဖြစ်သည်။ ကျေးရွာ၏ဝန်ဆောင်မှုနှင့် အခွင့်အလမ်းပြမြေပုံကို ကိုပြည့်စိုးဟန်မှ ရေးဆွဲပေးပါမည်ဟု တာဝန်ယူခဲ့ပါသည်။ အကြမ်းဖျင်းဆွဲထားသည့်ပုံတွင် အဆင်ပြေတယ်ဟု ဦးတင်ဆွေမှ ပြောပါသည်။ အားလုံးပြည့်စုံပါက အစည်းအဝေးရုပ်သိမ်းတော့မည်ဟု အုပ်ချုပ်ရေးမှူးမှ ပြော၍ အစည်းအဝေးကို အောင်မြင်စွာ ပြီးမြောက်စေခဲ့ပါသည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ [illegible] ကျေးရွာအုပ်စု [illegible]
အနောက် [illegible] မြေပုံ



# မကွေးတိုင်းဒေသကြီး ရွာရှည်ကျေးရွာအုပ်စု ရွာသာကျေးရွာ၏ အနာဂတ်မျှော်မှန်းချက်မြေပုံ သုံးသပ်ချက်

## စီးပွားရေး

ရွာသာကျေးရွာသည် အိမ်ခြေ (၅၃) သာရှိ၍ အခြားရွာများထက် အိမ်ခြေနည်းပါသည်။ လူဦးရေမှာလည်း အခြားရွာများထက် နည်းပါး၍ အသက်ကြီးသူများပြားစွာရှိသည်။ ငှင်းပုဂ္ဂိုလ်များသည် ဝင်ငွေမရှိသလောက်ရှားပါး၏ လုပ်ကိုင်စားသောက်ရန် ခက်ခဲလှသည်။ လူငယ် လူရွယ်များအသက်အရွယ်ရလျှင် မြို့သို့စီးပွားရှာထွက်ကြသည်။ ကျန်ရှိသော ရွာသူ/ရွာသားများသည် အခြားရွာမှ တောင်ယာလုပ်ငန်းများကို နေ့စားခယူ၍ အလုပ်လုပ်ကြရသည်။ အနာဂတ်အတွက် တဲစုတ် ယာစုတ် ဘဝမှ လွတ်မြောက်၍ တိုက်ကြီးတာကြီးများ ဖြစ်ပေါ်ရန် နိုင်ငံတော်မှ အလုပ်အကိုင် အခွင့်အလမ်း များစွာပေးရန် လိုအပ်ပါသည်။

## လျှပ်စစ်မီး

ရွာရှည်အုပ်စု ရွာသာကျေးရွာသည် လူမှုဘဝ ဖွံ့ဖြိုးမှုနည်းသော ကျေးရွာဖြစ်ပါသည်။ ကျေးရွာ၏ လိုအပ်ချက်များဖြစ်သော ပညာရေး ကျန်းမာရေး လျှပ်စစ်မီးလင်းရေး သောက်သုံးရေရရှိမှု လမ်းပန်းဆက်သွယ်ရေးစသည့် လိုအပ်ချက်များတွင် ရွာသာကျေးရွာ ယခုအချိန်ထိ လျှပ်စစ်မီးမရရှိပါ။ သို့ဖြစ်၍ ရွာသာကျေးရွာသည် ဓာတ်အားလိုင်းနှင့်နီးခြင်း ကျေးရွာပတ်ဝန်းကျင်ရှိ လျှပ်စစ်မီးရရှိသည့် ရွာများနှင့် နီးနီးကပ်ကပ် နေရသော်လည်း အမှောင်ထုကြားမှာ ဖယောင်တိုင်ထွန်းနေရသည်မှာ ယခုအချိန်ပင်ဖြစ်သည်။ အနာဂတ်မျှော်မှန်းချက်တွင် လျှပ်စစ်မီးရရှိပါက ကျောင်းသား/ကျောင်းသူများ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာနိုင်သည်။

## ကွန်ကရစ်လမ်း

ရွာသာကျေးရွာသည် ရွာထဲတွင် လမ်းမကြီးနှင့် အခြားရွာသို့သွားသောလမ်းများက မိုးရာသီတွင် သွားလာလို့မရပါ။ ထိုလမ်းအား ပြုပြင်ရန်အတွက် ရွာဦးဆရာတော်မှ ဦးစီးဦးဆောင် ပြုပြင်သော်လည်း ပျက်စီးမြဲ ပျက်စီးဖြစ်သည်။ ထိုလမ်းကို အရှည်(၂)မိုင် ပေ(၂၀) ကွန်ကရစ်လမ်း နှင့် အမြင့်(၆)ပေကို ရွာသူ/ရွာသားများက စီစဉ်ရေးဆွဲပြီးသားဖြစ်ပါသည်။ ရွာသာကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးကောင်းလာပါက အရင်ကထက်ပို၍ စည်းကမ်းတိုးတက်လာနိုင်မည်ဖြစ်ပါသည်။ ကွန်ကရစ်လမ်းပေါ်ပေါက်လာပါက ကျောင်းသား/သူများ ရွာသူ/ရွာသားများ စီးပွားရေး ပညာရေး ကျန်းမာရေး ဘာသာရေး သာသနာရေးများတွင် ပိုမိုတိုးတက် စည်းကား သိုက်မြိုက်လာမည့် ဖြစ်ပါသည်။

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး ရွာရှည်ကျေးရွာအုပ်စု ရွာသာကျေးရွာ၏ အနာဂတ်မျှော်မှန်းချက်မြေပုံ၏ အစည်းအဝေးမှတ်တမ်း

နေ့စွဲ - ၁၇ - ၀၂ - ၂၀၁၉

အစည်းအဝေးစတင်ချိန် - ၉:၀၀နာရီ

အစည်းအဝေးပြီးဆုံးချိန် - ၃:၀၀နာရီ

အစည်းအဝေးကျင်းပသည့်နေရာ- ရွာလယ်မွောရုံ

ဆွေးနွေးသည့်အကြောင်းအရာ

အစည်းအဝေး စတင်ချိန်တွင် ကျေးရွာဖွံ့ဖြိုးရေးလူငယ် ဦးပြည့်စုံဟန်မှ မြေပုံဆွဲရခြင်း ရည်ရွယ်ချက်ကို ရှင်းပြပါသည်။ ဟိုနေ့တုန်းက လူမှုရေးနှင့် အရင်းအမြစ်ပြ မြေပုံလိုအပ်ချက်အတွက် ရွာရဲ့အနာဂတ် မျှော်မှန်းချက်တွေကို ဖော်ထုတ်ပြီးပြီဆိုတော့ လျှပ်စစ်မီးထရန်စဖော်မာကို ဘယ်နားထားမှာလဲလို့ ကျေးရွာဖွံ့ဖြိုးရေး လူငယ်က ရွာ၏အရှေ့ဘက် ဘုန်းတော်ကြီးကျောင်းဝန်းထဲတွင် ကျယ်ကျယ်ဝန်းဝန်းရှိသည်။ ၄င်းကြောင့် စမက်လည်းကျ အနေအထားလည်းလှ လူတွေလည်း သဘောကျကြမည်ဖြစ်သည်။ ကွန်းကရစ်လမ်း တည်ဆောက်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးလူငယ်က အကျယ် မည်မျှ အရှည်ဘယ်လောက် အမြင့်ဘယ်လောက် ထားမလဲလို့ဆွေးနွေးရာ ဦးတင်ဆွေမှ အကျယ်ပေ(၂၀) အရှည် (၂)မိုင် အမြင့်(၆)ပေ ဟု ပြောဆိုပါသည်။

ဒီနေ့ ဆွေးနွေးသွားသည့် အကြောင်းအရာများကို ပြန်ချုပ်ရလျှင် ရွာသားများမှ လျှပ်စစ်မီးရရှိရေး ကွန်ကရစ်လမ်းတည်ဆောက်ရေး စီးပွားရေးမှာလည်း ကွန်ကရစ်လမ်း ပြီးဆုံး၍သော်လည်းကောင်း လျှပ်စစ်မီးရရှိလျှင်သော်လည်းကောင်း ရွာသူ/ရွာသားများ၏ စီးပွားရေးအခွင့်အလမ်း တိုးတက်လာနိုင်သည့်အတွက် အနာဂတ်အတွက် များစွာ ပိုမိုကောင်းမွန်လာနိုင်ပါသည်။ ထိုအကြောင်းအရာများကို ရွာသူ/ရွာသားများကလည်း ထောက်ခံပေးသည့်အတွက် ကျေးဇူးအများကြီးတင်ရှိပါသည်။ယခုလို အချိန်ပေးပြီး ဆွေးနွေးပေးသည့်အတွက် ကျေးဇူးအများကြီးတင်ပါသည်။

လက်မှတ် -

မှတ်တမ်းရေးသူအမည် - မကြည်ကြည်သိန်း

လက်မှတ် -

ခေါင်းဆောင်အမည် - ဦးပြည့်စိုးဟန်

Scanned by CamScanner

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာသာကျေးရွာ၏ ထူးခြားဖြစ်စဉ်ဇယား ရက်စွဲ - ၇ -၁၂-၂၀၁၉

| စဉ် | အကြောင်းအရာ | ခုနှစ် | ထိခိုက်လွယ်မှု အကျိုးသက်ရောက်မှု | | | ဖြေရှင်းခဲ့သည့်ရရှိခဲ့သော ထောက်ပံ့မှု ကူညီမှု |
|---|---|---|---|---|---|---|
| | | | လူ | နေရာ | ပစ္စည်းဥစ္စာဆုံးရှုံးမှု ပျက်စီးမှု | |
| ၁ | ချောင်းလက်ပေါက်ရေလျှံကျခြင်း | ၁၃၆၁ | ၂၇၀ | ရွာသာ | ယာခင်းများပျက်စီးခြင်း စိုက်ပျိုးသီးနှံများ ဆုံးရှုံးခြင်း နှစ်စဉ်ရွာထဲတွင်ရေများ ဝင်ရောက်ခြင်း၊လမ်းများပျက်စီးခြင်း ပစ္စည်းများဆုံးရှုံးခြင်း၊စီးပွားရေးကျရှုံးခြင်း ကျန်းမာရေးထိခိုက်ခြင်း | သဲအိတ်ထည့်၍ပိတ်ဆို့ကာရံခြင်း အုန်းတုံး သစ်ကိုင်း |
| ၂ | ရွာ၏မြောက်ဘက်ယမားချောင်း ရေကြီးခြင်း | ၂၀၁၀ | ၂၇၀ | ရွာသာ | လယ်၊ယာ၊မြေများပျက်စီးဆုံးရှုံးခြင်း -လမ်းများပျက်စီးခြင်း | ကားဖြင့် ကျောက်၊သဲ၊မြေ |
| ၃ | ဆင်တုပ်ကွေး သွေးလွန်တုပ်ကွေး | | ၂၇၀ | ရွာသာ | လမ်းမလျှောက်နိုင် လက်ဆစ်၊ခြေဆစ် ကိုက်ခြင်း | ကားဖြင့် ဆိုင်ကယ်ဖြင့် ဆေးရုံဆေးခန်း |

Scanned by CamScanner

အကြောင်းအရာ ၊

၁။ ချောင်းလက်ပေါက်ရေလျှံကျခြင်း

၂၀၀၈ခုနှစ်မှာ စက်တင်ဘာမိုးများ နာရီပေါင်းမြောက်များစွာ ရွာသွန်းပြီးနောက် ချောင်းလက်ပေါက် ရေများသည် အတိုင်းအဆမရှိ ကျေးရွာ၏ အနောက်ဘက် ယာခင်းများမှတဆင့် ကျေးရွာအတွင်းသို့ ရေများအဆမတန် စီးဆင်းဝင်ရောက်ချိန်တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တကွ ရွာသူ/ရွာသားများနှင့် ရပ်မိရပ်ဖများစုပေါင်းကာ ကျေးရွာအတွင်း ဝင်ရောက်မှု နည်းပါးနိုင်ရန်အတွက် သဲအိတ်များထည့်၍ စီတန်းကာ ကာရံပိတ်ဆို့ခြင်း၊ သဲအိတ်များ၏နောက်တွင် မျောပါမှုများ နည်းနိုင်ရေးအတွက် အုန်းတုံးများစိုက်ထူ၍ သစ်ကိုင်းများဖြင့် ပိတ်ဆို့ကာရန်ကြပါသည်။

၂။ ရွာ၏မြောက်ဘက် ယမားချောင်းရေကြီးခြင်း

၂၀၁၀ ခုနှစ် (၉)လပိုင်းအချိန်တွင် မိုးများလွန်စွာ ရွာသွန်းခြင်းကြောင့် ရွာ၏မြောက်ဘက်ရှိ ယမားချောင်း ရေများသည် အဆမတန် စီးဆင်းလာမှုကြောင့် လယ် ယာ မြေများ နစ်မြုပ်ပြီး တာတောင်ကန်ဇင်များ ကျိုးပဲ့ခြင်းနှင့် ရှိုင့်ဝန်းများ ဖြစ်ပေါ်၍ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ပြီး လမ်းများပေါ်တွင် ရေများ လျှံပြီးသွားလာသဖြင့် သွားလာမှုများ ခက်ခဲကြုံတွေ့ရပြီး လမ်းများပေါ်တွင် ရှိုင့်ခွက်များ ဖြစ်ပေါ်၍ ပျက်စီးယိုယွင်းရပါသည်။

၃။ ဆင်တုပ်ကွေးနှင့် သွေးလွန်တုပ်ကွေး

၂၀၁၉ခုနှစ် ဇွန်လပိုင်း ဒုတိယအပတ်မှ စတင်၍ ကျွန်ုပ်တို့ကျေးရွာတွင် တစ်ချိန်တစ်ခါမှ မတွေ့ကြုံဖူးသော ခြေဆစ် လက်ဆစ် ချောင်ကိုင်း ကိုက်ခဲခြင်း နှင့် နေရာမှ သွားလာမှုများ အလွန်ခက်ခဲသည့်ရောဂါ ဝေဒနာများနှင့် ကြုံတွေ့နေရပါသည်။ ဤကဲ့သို့ ကြုံတွေ့ရသည့်အခါတွင် ကားဖြင့် ကျန်းမာရေးဌာန အဆင့်ဆင့်ရှိသော မြိုင်မြို့သို့၄င်း လက်ယက်မတိုက်နယ် ပြည်သူ့ဆေးရုံသို့၄င်း ကျားတက်တိုက်နယ် ဆေးရုံသို့၄င်း မုံရွာအထွေထွေ ကုသမားတော်ကြီးများနှင့် ပြသကုသကြပါသည်။ ၄င်းနောက် နှစ်စဉ် နှစ်တိုင်း ဖြစ်ပွားတက်သည့် အသက်(၅)နှစ်မှ စတင်၍ နာတာရှည်ရောဂါရှင်များနှင့် သက်ကြီးရွယ်အိုများ သွေးလွန်တုပ်ကွေး ရောဂါများဖြစ်ပွားမှုများနှင့် နှစ်စဉ် ကြုံတွေ့ကြပါသည်။

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ရွာရှည်အုပ်စု၊ ရွာသာကျေးရွာ၏ ထူးခြားဖြစ်စဉ်ဇယား၏
အစည်းအဝေးမှတ်တမ်း

နေရာ - ဓမ္မာရုံ

စတင်ချိန် - ၉း၀၀

ပြီးဆုံးချိန် - ၁၂း ၀၀


ကြာချိန် - ၃း၀၀

ရက်စွဲ - ၇-၁၂-၂၀၁၉

အစည်းအဝေး စတင်ချိန်တွင် မဥမ္မာသန်းမှ ထူးခြားဖြစ်စဉ်ဇယားအကြောင်း ရှင်းပြပြီး လွန်ခဲ့သော အနှစ်(၆၀)ထူးထူးခြားခြား ဖြစ်စဉ်များကို မေးမြန်းဆွေးနွေးသောအခါ ချောင်းလက်ပေါက်ရေလျှံခြင်းကို ဦးအောင်ကြည်မှ ပြောကြားပါသည်၊၎င်းနောက်တစ်ဖန် ၁၃၆၁ ခုနှစ်တွင်လည်း ချောင်းလက်ပေါက်ရေများ ထပ်မံ ဝင်ရောက်ခဲ့ကြောင်းကို ဦးစိန်မောင်မှ ပြောကြားပါသည်၊ ၎င်းနှစ်များတွင် ကျေးရွာအတွင်းသို့ ရေများဝင်ရောက်ခဲ့၍ ကျေးရွာရှိအိုးခွက်ပန်းကန်များ မျှောပါခြင်း ရွှံ့နွံများတင်၍ ကျန်နေခဲ့ကြောင်းကို ဦးလှဆောင်မှ ပြောကြားပါသည်၊ အထက်ပါနှစ်များနှင့် အလားတူ ရွာ၏မြောက်ဘက်ရှိ ယမားချောင်းရေများသည် ၎င်း၏ဝဲယာရှိ လယ်ယာမြေများတွင် ရေများအဆမတန် ဝင်ရောက်ခဲ့ခြင်းကြောင်းကို ဦးကျော်ခင်မှ ပြောကြားပါသည်၊ ဆက်လက်၍ မိုးရွာသွန်းများ ကြီးမားသည့် အချိန်တွင် ကျေးရွာအတွင်း၌ ကူးစက်တတ်သော ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန်တုပ်ကွေး ရောဂါနှင့် ဆင်တုပ်ကွေးရောဂါများ ကျေးရွာအတွင်းတွင် ဖြစ်ပွားခဲ့ကြောင်းကို ဦးတင်ဆွေမှ ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းပါသည်၊

အကွာအဝေးကိုင်းတောလမ်း၊ ဖြိုးဖြိုးနေသော၊ ရှာရှာဖွေဖွေ၊ ရွာသစ်ကလေးရွာများ

လူမှုတာဝန်ယူတတ်လာစေရန်လုပ်ဆောင်ချက်များ



## မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာရှည်အုပ်စု ရွာသာကျေးရွာ၏ လူမှုကာကွယ်စောင့်ရှောက်မှုဇယား မြေပုံဆွဲရခြင်း၏ ရည်ရွယ်ချက်

ရက်စွဲ - ၇-၃-၂၀၁၉

အစည်းအဝေးကျင်းပသည့်နေရာ - ဓမ္မာရုံ

အစည်းအဝေးစတင်ချိန် - ၂း၀၀

အစည်းအဝေးပြီးဆုံးချိန် - ၃း၃၀

ကြာချိန် - ၁း၃၀

ပံ့ပိုးသူအမည် - ဦးဌေးမြင့်

ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးပြည့်စိုးဟန်မှ အစည်းအဝေးတက်ရောက်သူများအား ကြိုဆိုကာ လူမှုကာကွယ်စောင့်ရှောက်မှုဇယား မြေပုံဆွဲခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါသည်။ ဦးဌေးမြင့်မှ ရွာသူရွာသားများ သူတို့၏ အစည်းအဝေးတက်ရောက်ရန် အချိန်များကို တောင်းဆိုပါသည်။ ကျေးရွာဥက္ကဋ္ဌ ဦးဌေးမြင့်မှ ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးဖြစ်သည့်အတွက် အချိန်ပေးရမည်ဟု ပြောပါသည်။

ဦးဌေးမြင့်မှ ရပ်ရွာလူထုအား ရွာ၏ပုံသဏ္ဍာန်နှင့် နယ်နိမိတ်ကို ဆွဲရန်ပြောပါသည်။ ဦးပြည့်စိုးဟန်မှ ရွာ၏ပုံသဏ္ဍာန်သည် ထောင့်မှန်စတုဂံပုံနှင့် မတူဘဲ ရွာကို လယ်ကွင်းများကဝန်းရံထားသည်ဟု ပြောပြီး ရွာ၏ ပုံသဏ္ဍာန်နှင့် နယ်နိမိတ်ကို စတင်ရေးဆွဲပါသည်။

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ရွာရှည်အုပ်စု၊ ရွာသာကျေးရွာ၏ လူမှုကာကွယ်စောင့်ရှောက်မှုအစီအစဉ်

### တည်နေရာ

ရွာသာကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ရွာရှည်အုပ်စုတွင် တည်ရှိပါသည်။ မြိုင်မြို့နယ် အနောက်မြောက်ပိုင်းတွင် တည်ရှိပြီး မြိုင်မြို့နယ်နှင့် (၁၀)မိုင် (၂)ဖာလုံခန့်၊ ပခုက္ကူမြို့နှင့် (၂၈)မိုင် (၂)ဖာလုံခန့် အကွာတွင်တည်ရှိသည်။ ရွာသာကျေးရွာ၏ အရှေ့ဘက်(၂)ဖာလုံခန့်အကွာတွင် မြိုင်-ကမ္ဘလမ်း တည်ရှိပြီး အရှေ့ဘက်နှင့် တောင်ဘက်တွင် (၂) ဖာလုံခန့်အကွာတွင် ပုသိမ်-မုံရွာ ကတ္တရာလမ်းကြီး တည်ရှိပါသည်။ ရွာသာကျေးရွာ၏ အရှေ့ဘက် (၁၅) မိနစ်ခန့်တွင် ကျွန်းစုကျေးရွာ၊ လယ်တာကျေးရွာ၊ အရှေ့မြောက်ဘက် (၂)ဖာလုံအကွာတွင် ကျားတက်ကျေးရွာ၊ အနောက်မြောက်ဘက်(၂)ဖာလုံခန့်အကွာတွင် မွေသာရကျေးရွာ၊ တောင်ဘက်တွင် လှည်းလမ်းသာခြားသော ရွာသစ်ကျေးရွာရှိပါသည်။

### လူမှုရေးအခြေအနေ

ရွာသာကျေးရွာတွင် အိမ်ခြေ(၅၀)နှင့် မိသားစုပေါင်း (၅၆)စုရှိသည်။ လူဦးရေစုစုပေါင်း (၂၅၀) ရှိပြီး အမျိုးသား(၁၃၅)ဦးရှိပြီး အမျိုးသမီး (၁၁၅) ဦးရှိပါသည်။ (၅)နှစ်အောက် ကလေးငယ် ကျား(၁၀)ယောက်၊ မ(၇)ယောက်၊ (၅)နှစ်မှ (၁၃)နှစ်အောက် ကလေးငယ် ကျား(၂၀)ယောက်၊ မ(၁၀)ယောက် စုစုပေါင်း (၃၀)ယောက်၊ (၁၃)နှစ်မှ (၁၈)နှစ်အောက် ကျား (၅၉)ယောက်၊ ကျား(၂၀) မ(၃၀) စုစုပေါင်း (၅၀)ယောက် ၊ (၅၉)နှစ်မှ (၈၆)နှစ်အထိ ကျား(၁၉)ယောက် မ(၂၁)ယောက် စုစုပေါင်း(၄၀)ယောက် ရှိပါသည်။

### အလုပ်အကိုင်အခွင့်အလမ်း

ရွာသာကျေးရွာ၏ အလုပ်အကိုင်အခွင့်အလမ်းမှာ အမျိုးသား(၉၀)%နှင့် အမျိုးသမီး (၇၀)% ရှိသည်။ အမျိုးသား(၉၀)%ရှိခြင်းမှာ တန်းတူလုပ်ကိုင်ခွင့်ရသော်လည်း ဝင်ငွေပိုရရှိခြင်း လုံခြုံမှုရှိခြင်း အားသွန်ခွန်စိုက်လုပ်ကိုင်ခြင်းကို ဝင်ငွေနည်းခြင်း လုံခြုံမှုနည်းခြင်း အားနည်းခြင်းတို့ကြောင့် အမျိုးသားတို့သည် အမျိုးသမီးတို့ထက် အလုပ်အကိုင်အခွင့်အလမ်းများသည်ဟု ယူဆသည်။

### ခေါင်းဆောင်အခြေအနေ

ရွာသာကျေးရွာ၏ ခေါင်းဆောင်အခြေအနေမှာ အမျိုးသား ၈၀%နှင့် အမျိုးသမီး ၅၀%ဖြစ်သည်။ အမျိုးသား ၈၀% ထားရခြင်းအကြောင်းမှာ တိုင်းပြည်အုပ်ချုပ်ရေး ရပ်ရွာအုပ်ချုပ်ရေး အိမ်ပေါ်ဦးဆောင်မှု နှင့် သာရေး နာရေး ဦးဆောင်မှုတို့ဖြစ်သည်။ အမျိုးသမီး ၅၀% ထားရခြင်းမှာ တိုင်းပြည်အုပ်ချုပ်မှုနည်းခြင်း ရပ်ရွာအုပ်ချုပ်မှုနည်းခြင်း အိမ်ပေါ်ဦးဆောင်မှုနည်းခြင်း နှင့် သာရေး နာရေး ဦးဆောင်မှု နည်းခြင်းတို့ဖြစ်သည်။ ရွာသာကျေးရွာ၏ အမျိုးသားတို့သည် အမျိုးသမီးတို့ထက် ခေါင်းဆောင်အခြေအနေများခြင်းကြောင့် ၈၀% နှင့် ၅၀% ထားသင့်သည်ဟု ယူဆပါသည်။

ဝင်ငွေရှာနိုင်မှု ရွာသာကျေးရွာ၏ ဝင်ငွေရှာနိုင်မှုမှာ အမျိုးသား ၇၅%နှင့် အမျိုးသမီး ၆၀% ဖြစ်သည်။ အမျိုးသား ၇၅%ထားရခြင်းမှာ အလုပ်အကိုင်ရရှိမှု ပိုများခြင်းကြောင့် ဖြစ်သည်။ အမျိုးသမီး ၆၀%ထားရခြင်းမှာ

အလုပ်အကိုင်နည်းခြင်းကြောင့် ဖြစ်သည်။ ရွာသာကျေးရွာ၏ အမျိုးသားနှင့် အမျိုးသမီးတို့ ဝင်ငွေရှာဖွေနိုင်မှုမှာ အမျိုးသားက ဝင်ငွေရှာဖွေနိုင်မှုများသည်ဟု ယူဆသည်။

အိမ်မှုကိစ္စလုပ်ဆောင်မှု

ရွာသာကျေးရွာသည် အိမ်မှုကိစ္စပေါ် လုပ်ဆောင်မှုကို အမျိုးသား ၅၀% နှင့် အမျိုးသမီး ၁၀၀% သတ်မှတ်ထားသည်။ ထမင်းချက်၊ အဝတ်လျှော်၊ တံမြက်စည်းလှည်း၊ ကလေးထိန်း စသည့် အလုပ်တို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်နိုင်မှုကြောင့် အမျိုးသမီးတို့သည် အမျိုးသားတို့ထက် ရာခိုင်နှုန်း များသည်ဟု သတ်မှတ်ထားသည်။

ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ရွာသာကျေးရွာတွင် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို အမျိုးသား ၅၀%နှင့် အမျိုးသမီး၅၀% သတ်မှတ်ထားသည်။ ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကို တန်းတူပိုင်ဆိုင်သည်ဟု ယူဆသည့်အတွက် ရာခိုင်နှုန်း တူညီသည်ဟု သတ်မှတ်သည်။

လုံခြုံမှု

ရွာသာကျေးရွာတွင် လုံခြုံမှုကို အမျိုးသား ၁၀၀%နှင့် အမျိုးသမီး ၅၀% ဟု သတ်မှတ်သည်။ အမျိုးသား ၁၀၀% ထားရခြင်းမှာ သွားရေးလာရေး လွတ်လပ်မှုရှိခြင်းနှင့် အမျိုးသမီး ၅၀% ထားရခြင်းမှာ အသွားအလာ အနေအထိုင် အစားအသောက် ဂရုစိုက်ရခြင်းတို့ကြောင့် ဖြစ်သည်။ ထို့ကြောင့် ရွာသာကျေးရွာ၏လုံခြုံမှုတွင် အမျိုးသား ရာခိုင်နှုန်းက သာသည်ဟု သတ်မှတ်ပေးပါသည်။

ပညာရေးတတ်မြောက်မှု

ရွာသာကျေးရွာ၏ ပညာရေးတက်မြောက်မှုမှာ အမျိုးသား ၇၀%နှင့် အမျိုးသမီး ၅၀% ဟု သတ်မှတ်သည်။ ပညာရေးတတ်မြောက်မှုကို အမျိုးသားများက ဝန်းထမ်းလုပ်သား၊ စာပေသင်ကြားမှု၊ ဘ-က၊ အ-အ-အ တို့ကို အမျိုးသမီးတို့ထက် သင်ကြားတတ်မြောက်မှုများသည်ဟု ယူဆသည့်အတွက် ရာခိုင်နှုန်း ပိုများသည်။

Scanned by CamScanner

### ရပ်ရေးရွာရေးအတွက် ဆုံးဖြတ်ချက်ချနိုင်မှု

ရွာသာကျေးရွာတွင် ရပ်ရွာအပေါ် ဆုံးဖြတ်ချက် ချနိုင်မှုကို အမျိုးသား ၉၀%နှင့် အမျိုးသမီး ၇၈% သတ်မှတ်ထားသည်။ အမျိုးသားများသည် အတူတကွလုပ်ဆောင်ချက်များတွင် အမျိုးသမီးများ တန်းတူဆုံးဖြတ်ချက်ချနိုင်အတွက် ကူညီဆောင်ရွက်ပေးပါသည်။ ၄င်းကြောင့် အမျိုးသားများသည် အမျိုးသမီးများထက် ရပ်ရွာအပေါ် ဆုံးဖြတ်ချနိုင်မှုတွင် ရာခိုင်နှုန်းပိုများသည်ဟု သတ်မှတ်ထားသည်။

### အရင်းအမြစ်အပေါ် လက်လှမ်းမီသုံးစွဲနိုင်မှု

ရွာသာကျေးရွာတွင် အရင်းအမြစ်အပေါ် လက်လှမ်းမီသုံးစွဲနိုင်မှုကို အမျိုးသား ၁၀၀%နှင့် အမျိုးသမီး ၈၀% ဟု သတ်မှတ်ထားသည်။ လက်ဝယ်ရှိသော ပစ္စည်းဥစ္စာကို အမျိုးသမီးများထက် အမျိုးသားများက မည်သို့အသုံးချရမည်ကို သိရှိပြီး ဖြစ်သောကြောင့် ရာခိုင်နှုန်းပိုများသည်။

### ပူးပေါင်းပါဝင်ဆောင်ရွက်မှု

ရွာသာကျေးရွာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို အမျိုးသား ၈၀%နှင့် အမျိုးသမီး ၆၀% ဟု သတ်မှတ်ထားသည်။ ရပ်ရေးရွာရေး သာရေးနာရေး လူမှုရေးနှင့် အများဆောင်ရွက်ရာတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပူးပေါင်းပါဝင်ဆောင်ရွက်များသည်ဟု ယူဆသည့် အတွက် ရာခိုင်နှုန်း ပိုများပါသည်။

Scanned by CamScanner

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာရှည်အုပ်စု ရွာသာစေတီရွာ၏ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များ ဦးစားပေး အဆင့်သတ်မှတ်ခြင်း ဇယား

ရက်စွဲ - ၇ - ၁၂ - ၂၀၁၉

| စဉ် | အကြောင်းအရာ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ရမှတ် | ဦးစားပေး အဆင့်သတ်မှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်မီး | × | လျှပ်စစ်မီး | လျှပ်စစ်မီး | လျှပ်စစ်မီး | လျှပ်စစ်မီး | လျှပ်စစ်မီး | ၅ | ၁ |
| ၂ | ရွာတွင်းလမ်း | | × | ရွာတွင်းလမ်း | ရွာတွင်းလမ်း | ရွာတွင်းလမ်း | ရွာတွင်းလမ်း | ၄ | ၂ |
| ၃ | ရေကာတာ | | | × | ရေကာတာ | ရေကာတာ | ရေကာတာ | ၃ | ၃ |
| ၄ | ဆေးခန်း | | | | × | ဆေးပေးခန်း | ဆေးပေးခန်း | ၂ | ၄ |
| ၅ | ရွာချင်းဆက်လမ်း | | | | | × | ရွာချင်းဆက် | ၁ | ၅ |
| ၆ | စာကြည့်တိုက် | | | | | | × | ၀ | ၆ |

| စဉ် | ဆောင်ရွက်လိုသည့် လုပ်ငန်းအမည် | ခန့်မှန်းကုန်ကျ စရိတ်ကျပ်သိန်း | လုပ်ငန်းဆောင်ရွက်ရန် ရံပုံငွေရရှိမှု (ကျပ်သိန်း) | | | | အကျိုးပြုအိမ် ထောင်စု | စီမံကိန်းလွှမ်း ခြုံမည့်ဦးရေ | ဦးစားပေး အဆင့် | လုပ်ငန်းတိုး တက်မှု အခြေအနေ |
|---|---|---|---|---|---|---|---|---|---|---|
| | | | ပြည်သူ ထည့်ဝင်မှု | နိုင်ငံတော်မှ ဆောင်ရွက် ပေးရန် | နိုင်ငံခြား အကူအညီအ ထောက်အပံ့ | စုစုပေါင်း | | | | |
| ၁ | ရွာချင်းဆက်လမ်းအကျယ် (၃၀)ပေ အရှည် ၄၄၈၀၀ပေ အမြင့် ၆ပေ | သိန်း (၅၀၀) | သိန်း(၁၀၀) | သိန်း(၄၀၀) | | သိန်း ၅၀၀ | ၁၀၀ | ၅၀၀၀ ယောက် | | |
| ၂ | ဆေးခန်း အကျယ် ၄၀ ပေ | သိန်း (၅၀) | ၁၅ သိန်း | ၃၅ သိန်း | | သိန်း၅၀ | ၅၅ | ၁၆၀၀ | | |
| ၃ | ရေကာတာအရှည်ပေ ၅၀၀ | သိန်း ၂၅၀ | သိန်း၅၀ | သိန်း ၂၀၀ | | သိန်း၂၅၀ | ၂၀၀ | ၁၀၀ | | |
| ၄ | စာကြည့်တိုက် | သိန်း ၁၀၀ | သိန်း ၅၀ | သိန်း ၅၀ | | သိန်း ၁၀၀ | ၅၅ | ၁၆၀ | | |
| ၅ | လျှပ်စစ်မီး | သိန်း ၃၅၀ | သိန်း ၂၅၀ | သိန်း၁၀၀ | | သိန်း ၃၅၀ | ၅၅ | ၁၆၀ | | |
| ၆ | ရွာတွင်းလမ်းကွန်ကရစ် | သိန်း ၃၀၀ | သိန်း ၁၀၀ | သိန်း ၂၀၀ | | သိန်း ၃၀၀ | ၅၅ | ၁၆၀ | | |

Scanned by CamScanner

## မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ရွာရှည်အုပ်စု ရွာသာကျေးရွာ၏
## လိုအပ်ချက်များအခြေအနေတင်ပြခြင်းနှင့်ဦးစားပေးအဆင့်သတ်မှတ်ခြင်း အစည်းအဝေးမှတ်တမ်း

ရက်စွဲ - ၇-၁၂-၂၀၁၉
အစည်းအဝေးစတင်ချိန် - ၉း၀၀
အစည်းအဝေးပြီးဆုံးချိန် - ၁၂း၀၀
အစည်းအဝေးကြာမြင့်ချိန် - ၃း၀၀
ပြုလုပ်သည့်နေရာ - ဓမ္မာရုံ

ရွာသာကျေးရွာ၏ လိုအပ်ချက်များကို ဖော်ထုတ်ရန်အတွက် အစည်းအဝေးပြုလုပ်ရခြင်းဖြစ်သည်ဟု အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်ဝင်းမှ ပြောပြပါသည်။ ဦးကံစိန်မှ ကျေးရွာတွင်လိုအပ်ချက်များ အများအပြားရှိတယ် အရေးကြီးတာအရင်လုပ်ကြတာ အကောင်းဆုံးဖြစ်သည်ဟု ပြောပါသည်။ ဒါဖြင့်ရင် ဘယ်အရာတွေက အလိုအပ်ဆုံးဖြစ်မလဲ ရွေးချယ်ကြကွာဟု ဦးအောင်မြင့်ဝင်းမှ ပြောပါသည်။ ဦးသန်းညွန့်မှ ရွာချင်းဆက်လမ်းလိုအပ်ပါတယ်ဆရာမဟု ပြောရာ မအေးအေးမြတ်မှ ရေးမှတ်ပေးခဲ့ပါသည်။ လမ်း၏အရှည်ဘယ်လောက်ရှိလဲဟု မအေးအေးမြတ်မှ မေးသောအခါ အရှည်၄၄၈၀ ပေ နှင့် အကျယ်ပေ (၃၀) ခန့် ရှိပါသည်ဟု ဦးဟံမြင့်မှ ပြောသည်။ အမြင့်ပေ (၆) ထားမှ ရလိမ့်မည်ဟု ပြောသည်။ ၎င်းရွာချင်းဆက်လမ်းသည် ရွာသစ် လယ်တာ ကျွန်းစု သွားရွာချင်းဆက်လမ်းဖြစ်တယ်ဟု ဦးသန်းညွန့်မှ ပြောပါသည်။ နောက်တစ်ခုမှာ ဆေးပေးခန်းဖြစ်ပါသည်။ ဆေးပေးခန်းအကျယ် ပေ(၄၀) ပတ်လည်ဆောက်မည်ဟု ဦးလှဆောင်မှ အကြံပြုပါသည်။ ခန့်မှန်းကုန်ကျငွေမှာ သိန်း (၅၀)ကျပ်ခန့်မှန်း၍ ကျေးရွာထည့် ဝင်မှု (၁၅)သိန်း နှင့် နိုင်ငံတော်မှ (၃၅)သိန်း ရရှိရန် လိုအပ်သည်ဟု ပြည်သူလူထုမှ ပြောပါသည်။ ရေကာတာလည်း လိုအပ်တယ် ဒါဖြင့် ရေကာတာအတွက် ကုန်ကျငွေကို ဘယ်လောက်ခန့်မှန်းကြမလဲဟု ဦးပြည့်စိုးဟန်မှ ပြောရာတွင် ခန့်မှန်းကုန်ကျငွေ သိန်း (၂၅၀)ကျပ် ကုန်ကျနိုင်သည်။ ပြည်သူထည့်ဝင်မှု (၅၀)သိန်းကျပ် နိုင်ငံတော်မှ ပံ့ပိုးငွေ သိန်း (၂၀၀)ကျပ် ကုန်ကျနိုင်သည်ဟု ခန့်မှန်းကြပါသည်။ စာကြည့်တိုက်ရော လျှပ်စစ်ပါ လိုအပ်သေးသည်ဟု ဦးလှဆောင်မှ အကြံပြုသောအခါ မအေးအေးမြတ်မှ ထည့်သွင်းရေးဆွဲပါသည်။ လျှပ်စစ်မီးသည် ယခုအခါတွင် ကိုယ်ထူ ကိုယ်ထ တိုင်စိုက်ထားသည့် ကြိုးများလည်းသွယ်တန်းပြီး မီးသီးများလည်း တပ်ဆင်ပြီးဖြစ်သည်။ ခန့်မှန်းကုန်ကျငွေမှာ (၃၅၀)ကျပ် ကုန်ကြနိုင်၍ နိုင်ငံတော်မှ သွယ်တန်းရန်သာ လိုအပ်တော့သည်။ ရွာတွင်းလမ်းမှာ ကွန်ကရစ်လမ်းဖြစ်ပြီး ခန့်မှန်းကုန်ကျငွေမှာ (၃၀၀)ကျပ် ကုန်ကျနိုင်ခြေရှိသည်ဟု ဦးတင်ဆွေမှ ပြောပြပါသည်။ လိုအပ်ချက် (၆)မျိုးရှိပါသည်။ အဆင့်သတ်မှတ်ပါက ဘယ်အရာကို ဦးစားပေးမည်လဲဟု မအေးအေးမြတ်မှ မေးပါသည်။ ဦးပြည့်စိုးဟန်မှ အများဆန္ဒကို ဦးစားပေးအဆင့်သတ်မှတ်ကြမည်ဟု ပြောပါသည်။ နံပတ်(၁)အဆင့်ကို လျှပ်စစ်မီးထားချင်ပါတယ်။ အဲဒါက ပိုအရေးကြီးပါတယ်လို့ ရွာသူ/ရွာသားများက ပြောပါတယ် အဆင့်(၂)ကိုတော့ ရွာတွင်းလမ်း ကွန်ကရစ်ကို ရွေးချယ်မယ်လို့ အများဆုံးဖြတ်ကြသည်။ နံပါတ်(၃)ကို ရေကာတာ ထားရမည်ဟု ဦးဌေးမြင့်မှ ပြောပါသည်။ အားလုံးကလည်း သဘောတူကြပါသည်။ အဆင့်(၄)ကို ဆေးပေးခန်း ပြုလုပ်ပါက အဆင်ပြေမည်ဟု ဦးတင်ဆွေမှ မေးသောအခါ အဆင်ပြေပါတယ်လို့ ရွာသူ/ရွာသားများမှ ပြောသည်။ အဆင့် (၅)ကို ရွာချင်းဆက်လမ်းထားကြမည်။ အဆင့်(၆)ကို စာကြည့်တိုက်ထားမည်ဟု အများ၏သဘောတူညီမှုဖြင့် အဆင့်သတ်မှတ်ခဲ့၍ အစည်းအဝေးကို ပြီးမြောက်စေခဲ့သည်။

ပံ့ပိုးကူညီသူ - ဥမ္မာသန်း

Scanned by CamScanner